# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ | ၂၀၂၆ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၆၇)


**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

- “ကျောင်း”နှင့် “စာသင်ခန်း”သည် နောင်အနာဂတ်တွင် ပေါ်ထွန်းလာမည့် “အစောဆုံး လူ့အဖွဲ့အစည်း”၊ တစ်နည်းအားဖြင့် “လူ့အဖွဲ့အစည်း၏ အစပြုနေရာ” ပင်ဖြစ်သည်။
- နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော်ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်

နေပြည်တော် ဇွန် ၂၈

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့ နံနက်ပိုင်းတွင် စတင်ထုတ်ပြန်သည်။ အဆိုပါအောင်စာရင်းကို နံနက် ၄ နာရီတွင် Online မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ရာ စာစစ်ဌာနအလိုက် အောင်စာရင်းများကို www.myanmarexam.org တွင်လည်းကောင်း၊ ခုံအမှတ်ထည့်သွင်း၍ ကြည့်ရှုနိုင်သော အောင်စာရင်းကို result.dme.gov.mm တွင်လည်းကောင်း ထုတ်လွှင့်သည်။

ထို့အပြင် သက်ဆိုင်ရာ စာစစ်ဌာနများ၊ မြို့နယ်ပညာရေးမှူးရုံးများတွင်လည်း အောင်စာရင်း ကြေညာချက်များကို နံနက် ၆ နာရီမှ စတင်၍ ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၅၅၂၂၈ ဦး ဖြေဆိုပြီး ၁၃၃၆၇၃ ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၃၇ ရာနှုန်းဖြစ်ကြောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို

စာမျက်နှာ ၄ ကော်လံ ၁





## ဒုတိယသမ္မတ ဦးညိုစော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၂၆)အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၈

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၀) စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁

## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တောင်ကြီးမြို့၌ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

နေပြည်တော် ဇွန် ၂၈

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး (မန္တလေး)နှင့် ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီး ၁၃ ဦး ပါဝင်သည့် အထူးကု ဆေးကုသရေး အဖွဲ့သည်

စာမျက်နှာ ၃ ကော်လံ ၅



## ကူမဲမြို့၌ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတပ်ဆင် ဓာတ်အားစတင်ပို့လွှတ်

မြစ်သား ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ ကွက်သစ်ရပ်ကွက်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၈၄၀ နှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို ယနေ့နံနက်ပိုင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်ဆည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက Main Breaker နှင့် Sub Breaker များခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅

## MSMEs လက်ဖက်ရည် စကားဝိုင်း ဇွန် ၃၀ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

MSMEs “လက်ဖက်ရည် စကားဝိုင်း” (Tea Talk) ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ဇွန် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါလက်ဖက်ရည်စကားဝိုင်း၌ ခရီးသွားကဏ္ဍ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပြင်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားမည်ဖြစ်ပြီး ထိုသို့ဆွေးနွေးနိုင်ရန်နှင့်သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ နှစ်ကြိမ်တိုင်တိုင် ကျင်းပသွားရန် စီစဉ်ထားသည်။

ယင်းစကားဝိုင်းများမှ ရရှိလာသည့်ရလဒ်များကို အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများပါဝင်မည့် ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက်ကျင်းပသွားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ TWA

## ယနေ့ ဖတ် စ ရာ


**အမျိုးသမီးများ၏ စွမ်းအားနှင့် ဂုဏ်သိက္ခာ** — ဆောင်းပါး — စာ ၆

**အီသီယိုးပီးယား ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရရှိ** — နိုင်ငံတကာသတင်း — စာ ၁၄

တစ်ပတ်တာ ဖတ်စရာ

**မြန်မာ့အရေး နှင့် ကမ္ဘာ့အရေး** — သတင်းများ — စာ ၁၁

**ဘက်စုံ အသုံးဝင် စပါးခွံ** — ဆောင်းပါး — စာ ၁၆


## မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၈

ဇွန် ၃၀ ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

မြန်မာ့အလင်း

# အရှုံးမပေးသည့် စိတ်ဓာတ်ခိုင်မာစေ

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ဇွန် ၂၈ ရက် နံနက် ၄ နာရီတွင် အွန်လိုင်းမှတစ်ဆင့် ကြည့်ရှုသိရှိခဲ့ကြရပြီဖြစ်သည်။ ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းမှာ ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်အောင်ချက်ရာခိုင်နှုန်းမှာ ၄၉ ဒသမ ၇၀ ရာခိုင်နှုန်းဖြစ်သည်။

နံနက်စောစော မိုးမလင်းမီကတည်းကပင် အအောင်အရှုံးကို အွန်လိုင်းမှကြည့်၍ သိရှိကြရပြီး အောင်သူတို့ ပျော်ရွှင်ကြသည်။ ဘာသာရပ်ဆိုင်ရာ ဂုဏ်ထူးပါဝင်ကြသူများ၊ အမှတ်အများဆုံးရကြသူများမှာမူ အတိုင်းထက်အလွန် ပျော်ရွှင်ကြရသည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် အခြေခံပညာရေးခရီး၏ နောက်ဆုံးမှတ်တိုင်ပင်ဖြစ်ရာ အောင်မြင်သူတို့အဖို့ မိမိအောင်မြင်သည့် အတိုင်းအတာနှင့် အဆင့်မြင့်ပညာ ရှေ့ခရီးသို့ ဆက်ခွင့်ရရှိကြပြီဖြစ်သည်။ မိမိတို့၏ ဘဝရှေ့ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အဖိုးတန်လူသားအရင်းအမြစ်ဖြစ်လာစေရန် အဆင့်မြင့်ပညာများကို ဆက်လက်ကြိုးစားသင်ယူကြရဦးမည်ဖြစ်သည်။

တက္ကသိုလ်ဝင် စာမေးပွဲတို့၏ ထုံးစံအတိုင်း အောင်မြင်သူများရှိသကဲ့သို့ မအောင်မြင်သူများကလည်း နည်းသည်မဟုတ်ကြောင်းကို သတိပြုမိကြရန်လိုသည်။ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲမအောင်မြင်ခဲ့သည့်အပေါ် စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ ရှုတ်ချခြင်း၊ အပြစ်တင်ခြင်းတို့ မပြုကြဘဲ မှန်ကန်သည့် နှလုံးသွင်းဖြင့် ဆင်ခြင်ကာ ပိုမိုကြိုးပမ်းအားထုတ်ကြရမည်သာဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်မှုကို အကြောင်းပြု၍ စိတ်ဓာတ်ကျဆင်းပျက်ပြားကာ လွဲမှားသည့် ဆုံးဖြတ်ချက်များ၊ မဆင်မခြင်အပြုအမူများ ပြုလုပ်ကြခြင်းကြောင့် မဖြစ်သင့်သည့်ဖြစ်ရပ်များ ဖြစ်ပွားလေ့ရှိသည်ကို သတိမူကာ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ဆင်ခြင်ကြရန် တိုက်တွန်းလိုသည်။

အချို့ကျောင်းသူ ကျောင်းသားများ အပြင်းအထန် ကြိုးစားအားထုတ်ခဲ့ကြသော်လည်း မိမိမျှော်မှန်းထားသလို ဖြစ်မလာဘဲ အရေးနိမ့်ခဲ့ရသည့်အခါ ပတ်ဝန်းကျင်ကို အရှက်ကြီးခြင်း၊ အရှက်သည်းခြင်း၊ အပြင်းအထန်ဝမ်းနည်းကြေကွဲမှုဖြစ်ပေါ်ခြင်း၊ မိမိဘဝရည်မှန်းချက်တို့ ပြိုကွဲပျက်စီးပြီဟု ထင်မြင်သည်အထိ အယူအဆလွဲမှားခြင်းတို့ ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရတတ်သည်။ ထိုနည်းတူစွာ အချို့မိခင်၊ ဖခင်တို့ကလည်း လူမှုစီးပွားဘဝ အခက်အခဲများကြားမှ သားသမီးပညာရေးအတွက် ဦးစားပေးခဲ့သော်လည်း သားသမီးက ရလဒ်ကောင်းအောင် မစွမ်းဆောင်နိုင်သည့်အခါ အပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ ဒေါသအလျောက် အော်ဟစ်မောင်းမဲ ဆူပူရိုက်နှက်ခြင်းတို့ ပြုလုပ်ကြသည်တို့ကိုလည်း မြင်ရလေ့ရှိသည်။ ယင်းသို့ အယူအဆ၊ အပြုအမူတို့ မှားယွင်းခြင်းမှ အနိဋ္ဌာရုံဖြစ်ရပ်များ ဖြစ်လေ့ရှိသည်ကို အတိတ်ကာလက တက္ကသိုလ်ဝင်အောင်စာရင်းများ ထွက်သည့်နေ့များတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ သတင်းများတွင် တွေ့ရှိပြီး သင်ခန်းစာယူကြစေလိုသည်။

မိမိတို့၏ ဘဝတစ်လျှောက်တွင် တက္ကသိုလ်ဝင်စာမေးပွဲသာမက စာမေးပွဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားကြရဦးမည်ဖြစ်သည်ကို လူငယ်ကျောင်းသားကျောင်းသူတို့ ထာဝရနှလုံးသွင်းထားကြရမည်ဖြစ်သည်။ မိမိတို့၏ ဘဝစာမေးပွဲများတွင်လည်း အောင်မြင်ခြင်းနှင့်အတူ ရှုံးနိမ့်ခြင်းသည်လည်း ရှိနေမည်သာဖြစ်သည်။ မည်သို့သော ဘဝ၏စာမေးပွဲ၊ ဘဝ၏ စိန်ခေါ်မှုများဖြစ်စေ အရေးနိမ့်၍ ထွက်ပြေးသွားရန်၊ ဘဝကို အရှုံးပေး၍ အဆုံးသတ်သွားရန်ဟူသည် မဖြစ်နိုင်သည့်အလျောက် မိမိ၏ အမှားများကို ပြင်ဆင်၊ အားနည်းချက်များကို ဖြည့်ဆည်း၍ မလျှော့သော ဖွဲ့ လုံ့လ ဝီရိယတို့ဖြင့် အောင်မြင်မှုရရှိသည်အထိ မဆုတ်မနစ် ကြိုးပမ်းကြရမည်သာဖြစ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မအောင်မြင်သူတို့မှာ ဖြေဆိုသူ ၁၀၀ တွင် ၄၇ ယောက်ကျော်ကျော်ရှိနေသည်။ ဖြေဆိုသူ စုစုပေါင်း၏ တစ်ဝက်ကျော်ကျော်မျှသာ အောင်မြင်မှုရယူနိုင်ခဲ့ကြခြင်းဖြစ်သည်။ စာမေးပွဲဖြေဆိုသူတိုင်း အောင်လိုကြသည်သာဖြစ်သော်လည်း အရေးမလှ၍ အောင်မြင်မှုမရသည့်အခါ ထပ်မံကြိုးစားကြရန်သာဖြစ်သည်။ အောင်မြင်မှုဟူသည် လူတိုင်းရယူနိုင်သည့်အရာဖြစ်ပြီး အဓိပတိတရား(၄)ပါး မိမိတို့တွင် ဖြစ်လာပြီဆိုပါက မဖြစ်နိုင်သည်ဟူ၍ မရှိတော့သည်ကိုလည်း မှတ်သားထားကြရမည်ဖြစ်သည်။ ဆန္ဒာဓိပတိ = အောင်မြင်လိုသည့်ဆန္ဒ အလွန်ပြင်းပြခြင်း၊ ဝီရိယာဓိပတိ = လုံ့လစိုက်ထုတ်မှု အလွန်ကြီးမားခြင်း၊ စိတ္တာဓိပတိ= စိတ်ဓာတ်ထက်သန် အလွန်ပြင်းထန်ခြင်း၊ ဝီမံသာဓိပတိ = အသိဉာဏ်ပညာ ထက်မြက်အားကောင်းခြင်းတို့ကို ဖြည့်ကျင့်နိုင်ခဲ့ပြီဆိုလျှင် လောကတွင် မဖြစ်နိုင်သည့်အရာဟူ၍ မရှိတော့ကြောင်း မြတ်စွာဘုရားဟောကြားတော်မူထားခဲ့သည်။

တစ်ကြိမ်တစ်ခါဖြစ်စေ၊ နှစ်ကြိမ်နှစ်ခါဖြစ်စေ၊ အကြိမ်ကြိမ်အခါခါဖြစ်စေ ရှုံးနိမ့်မှုများကို အကြိမ်ကြိမ်အခါခါ အရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် ဘဝခရီးတစ်လျှောက် အောင်မြင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| ( ၁ ) ဒေါက်တာ မေစန်းရီ | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ၂ ) ဒေါက်တာ ခင်ကေခိုင် | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |




## ၂၈ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် ဇွန် ၂၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ - ၆ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၅ | ၃၇၇၀ | ၃၇၂၀ | ၃၆၃၀ | ၃၇၇၀ | ၃၇၈၅ | ၃၈၂၀ | ၃၇၀၀ | ၄၀၆၅ | ၄၀၉၅ | ၃၇၂၀ | ၃၈၇၅ | ၃၈၁၀ | ၃၇၇၀ | ၃၇၈၀ | ၄၀၁၀ |
| 95 Ron | ၃၆၉၅ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၅ | ၃၈၅၅ | ၃၈၇၀ | ၃၉၀၅ | ၃၇၈၀ | ၄၁၅၀ | ၄၁၈၀ | ၃၈၀၅ | ၃၉၇၀ | ၃၈၉၅ | ၃၈၅၀ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၃၅၃၅ | ၃၆၈၀ | ၃၆၃၅ | ၃၅၅၀ | ၃၆၈၅ | ၃၇၀၀ | ၃၇၃၀ | ၃၆၁၅ | - | ၃၉၉၅ | ၃၆၃၅ | ၄၀၂၀ | ၃၇၂၀ | ၃၆၈၀ | ၃၆၉၅ | ၃၉၁၀ |
| HSD (50 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | ၄၆၄၀ | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |
| HSD (10 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၅၀၀ | ၃၆၀၄ |
| HSD (500 ppm) | ၃၃၅၅ | ၃၄၅၁ |
| HSD (50 ppm) | ၃၉၇၇ | ၄၀၈၇ |
| HSD (10 ppm) | ၃၉၇၇ | ၄၀၈၇ |

ကျပ်/လီတာ

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊** နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❖ *ရွှေဖုံးမှ*

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ MSME အေဂျင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတလမ်းညွှန်မှာကြားခဲ့သည့် အချက်များနှင့် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည့် MSME လုပ်ငန်းကော်မတီအနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေအနေများ၊ နိုင်ငံတော်အတွက်အကျိုးရှိမည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို တိုးချဲ့စိုက်ပျိုးရေးနှင့် ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများ၊ အရည်အသွေးပြည့်မီသည့် နိုင်ငံတကာဈေးကွက်ဝင် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သား စသည့် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်အခြေအနေများ၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှသာ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းတွင် အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးလုံး တိုးတက်အောင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဇွန် ၂၇ ရက်ကကျင်းပခဲ့သည့် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် MSME ထုတ်ကုန်ပြပွဲကို စည်စည်ကားကား ကျင်းပခဲ့ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် MSME ထုတ်ကုန်များကို ပြည့်ပြည့်စုံစုံပြသနိုင်ပြီး အမယ်သစ်များ ထပ်မံတိုးတက်အောင် ဆောင်ရွက်ရမည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီသည့်စနစ်များဖြင့် တိုးချဲ့ ဆောင်ရွက်သွားရမည့် အခြေအနေများ၊ နိုင်ငံအတွင်း စားသုံးဆီဖူလုံမှုရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးပြီး ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အဆင့်မီဆီသန့်များ ထုတ်လုပ်နိုင်ရေးအတွက် ဆီစက်များကို အဆင့်မြှင့်တင်ရမည့် အခြေအနေများ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တစ်ခုဖြစ်သည့် ဒေသတစ်ခုထွက်ကုန်တစ်ခုစီမံကိန်းသည် နိုင်ငံတကာတွင်လည်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်ရာတွင် ပြည်တွင်း၌ရှိသည့် ကုန်ကြမ်းများကိုသာ အသုံးပြုနိုင်မည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝသယံဇာတများကို တရားမဝင်သုံးစွဲခြင်းမပြုဘဲ စနစ်တကျသုံးစွဲရန်နှင့် စက်ရုံ၊ အလုပ်ရုံများ၊ ရေ၊ လျှပ်စစ်မီး၊ အခြေခံအဆောက်အအုံများ စနစ်တကျရှိရန် လိုအပ်မှုအခြေအနေများ၊ ဉာဏ်ရည်တုနည်းပညာ (AI) အပါအဝင် ခေတ်မီနည်းပညာများကို အသုံးပြုရေးနှင့် ဒေသတွင်း MSME လုပ်ငန်းများကို အချိန်တိုအတွင်း မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် Quick Win ဖြစ်မည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် MSME အေဂျင်စီဥက္ကဋ္ဌတို့က လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီသို့ တင်ပြလာသည့် အမှာစာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်၏မူဝါဒများနှင့်အညီ လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးနှင့် ကုန်ထုတ်လုပ်မှုမှတစ်ဆင့် ရောင်းဝယ်မှု၊ ဝန်ဆောင်မှုကွင်းဆက်တစ်လျှောက် တိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်တွင်းကုန်ကြမ်းကို အသုံးပြုပြီး စိုက်ပျိုးရေး အခြေခံထုတ်လုပ်မှုလုပ်ငန်းများဖြစ်သော ဝါး၊ ဝါ၊ ရော်ဘာ၊ ကော်ဖီလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေမှုအခြေအနေ၊ SME ဥပဒေအရ MSME လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် (၁၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရပ်နားလိုက်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း World MSME Day အထိမ်းအမှတ် အခမ်းအနားများနှင့် ဆက်စပ်ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲ တက်ရောက်




**နေပြည်တော် ဇွန် ၂၈**

World MSME Day အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် MICC-1 ၌ ကျင်းပလျက်ရှိရာ ဒုတိယနေ့၌ Supporting MSMEs to promoting national Economy၊ Strategies for Future MSMEs Development၊ The Crucial Role of MSME Digital Adoption in Building Myanmar's Digital Economy by FY 2030-2031 ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များက ဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

ညနေပိုင်းတွင် World MSME Day အထိမ်းအမှတ်ပိတ်ပွဲကို ဆက်လက်ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပခဲ့သည့် အခမ်းအနားသည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) ကို အလေးထားအကောင်အထည် ဖော်နေမှုကို ပြသနိုင်ခဲ့ပြီး အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာ ခိုင်မာမှုနှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာက ပိုမိုအသိအမှတ်ပြုလာစေမည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း၊ နည်းပညာနှင့် ဒီဂျစ်တယ်အခွင့်အလမ်းများ ဖော်ဆောင်နိုင်မှုဆိုင်ရာ ဒီဂျစ်တယ် တိုးတက်မှုအတွက် အနာဂတ် ခေတ်မီ MSME များအနေဖြင့် အွန်လိုင်းပေါ်တွင် မြင်သာခြင်း (Visible)၊ ယုံကြည်ရခြင်း (Trusted)၊ ငွေပေးချေမှု လွယ်ကူခြင်း (Paid)၊ ဈေးကွက်အဆင်သင့်ဖြစ်ခြင်း (Market-Ready)၊ ပို့ဆောင်မှုသေချာခြင်း (Delivered)နှင့် ရေရှည်တိုးတက်ခြင်း (Growing) ဆိုသည့် အဆင့် (၆) ဆင့်အတိုင်း စနစ်တကျ ကူးပြောင်းနိုင်ရန် လိုအပ်ကြောင်း၊

ဘဏ္ဍာရေး အရင်းအမြစ်နှင့် MSME ချေးငွေဆိုင်ရာ အခွင့်အလမ်းများအနေဖြင့် နိုင်ငံတော်က ပံ့ပိုးပေးမည့် သက်သာသောချေးငွေများကို ပြည်တွင်း အထွေထွေအာမခံကုမ္ပဏီ ကိုးခုနှင့်ပူးပေါင်း၍ အပေါင်ပစ္စည်းမဲ့ MSME ချေးငွေများကို အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးနိုင်ရေး စနစ်များ သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် အာဆီယံချိတ်ဆက်မှုအတွက် အာဆီယံနှင့် ကမ္ဘာ့ဈေးကွက်သို့ ကုန်ကျစရိတ်မရှိဘဲ အခမဲ့ ချိတ်ဆက်ပေးမည့် ASEAN Access ၏ တရားဝင်အွန်လိုင်း ပလက်ဖောင်းကို အသုံးပြု၍ ပြည်ပဈေးကွက်စည်းမျဉ်းများနှင့် အကြံပေး/ ဖြန့်ဖြူးသူများ၏ အချက်အလက်များကို တိုက်ရိုက်ရယူနိုင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကျင်းပမည့် ဂျာမနီနိုင်ငံသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမည့်သင်တန်းနှင့် ဇူလိုင် (၁၅-၁၆) ရက်တွင် ကျင်းပမည့် တရုတ်နိုင်ငံမှ ဝယ်ယူသူများနှင့် တိုက်ရိုက်ချိတ်ဆက်ပေးမည့် (China-ASEAN Business Matchmaking) ပွဲများသို့ မြန်မာ MSME များ အမြန်ဆုံးပါဝင်နိုင်ရေး ချိတ်ဆက်မှုများ ရှိရှိစေခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အေဂျင်စီများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များအားလုံး အနေဖြင့် မိမိတို့ သီးခြားစီလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အရှိန်အဟုန်မြှင့် တိုးတက် လာစေရန်အတွက် "Global Partnership" ခိုင်မာစွာဖြင့် လက်တွဲကာ အစွမ်းကုန် ညှိနှိုင်းပေါင်းစပ် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် MSME များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❋ *ကူမဲမြို့မှ*

ထိုသို့ကူမဲမြို့၌တည်ဆောက်ပြီးစီးခဲ့သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၈၄၀ နှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးဖြင့် ဓာတ်အားသုံးစွဲသူပြည်သူများသို့ ဗို့အားပြည့်ဝစွာဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

✪ *ကျန်းမာရေးမှ*

ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါအစီအစဉ်တွင် နှလုံးရောဂါဆိုင်ရာလူနာ ၂၅၀၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၈၄ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၂၅၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၂၄ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၈၀၊ ဆီးချိုနှင့်ဟော်မုန်းရောဂါလူနာ ၂၀၈ ဦး၊ ဆီးနှင့် ကျောက်ကပ်ဆေးကုလူနာ ၈၅ ဦး၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်လူနာ ၃၉ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၅၃ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၄၆၀၊ ကလေးသွေးရောဂါနှင့် ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ လူနာ ၁၀၅ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၆၄၂ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း (Echocardiography) ၇၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုကုသခြင်း ၁၁ ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း ရှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၂၄ ဦး၊ သံလိုက်ဓာတ်မှန် (MRI) စစ်ဆေးခြင်း နှစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၃၄၉ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၁၂၄၅ ခု၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound)ဖြင့် ရောဂါရှာဖွေခြင်း ၁၅၂ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၃၂၈ ဦး၊ ဦးခေါင်းခွံဖွင့်၍ ပြင်ပပစ္စည်း(Foreign Body) ခွဲစိတ်ထုတ်ပေးခြင်းတစ်ခုနှင့် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုတစ်ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် တောင်ကြီးမြို့နယ်သာမက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာ ၁၉ ဦးကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၇ ရက်တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို အားပေးစကားပြောကြားကာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ဆေးကုသမှုများကို ကြည့်ရှုအားပေးပြီး ဒေသထွက်လက်ဆောင်များ ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျစရိတ် လျှော့နည်းစေရန် ယခုကဲ့သို့ အထူးကုဆေးကုသရေးအစီအစဉ်များကို အခြားမြို့နယ်များသို့လည်း သွားရောက်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ထုတ် ကုန် နှစ် ဆ တိုး မြှင့် ကြ။**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတို့၌ အဆင့် ၁ မှ ၁၀ အတွင်း ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦးရရှိ

တွေ့ဆုံမေးမြန်း - သစ္စာ(MNA)
ဓာတ်ပုံ - ဇွဲမာန်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူ ၄၆၈၈၉ ဦး ဝင်ရောက်ဖြေဆိုမှုတွင် ၂၃၂၀၃ ဦး အောင်မြင်ကာ အောင်မြင်မှုရာခိုင်နှုန်း ၄၉ ဒသမ ၄၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၇၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၉၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၄၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၈၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁၇၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၄၇၉ ဦး ရှိခဲ့သည်။

ထို့ပြင် သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတို့ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့် ၁ မှ ၁၀ အတွင်းရရှိသူ သုံးဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း) အမှတ်(၁၄) အထက်တန်းကျောင်းမှ ဝိပ္ပံတွဲဖြင့် အဆင့် (၁) တစ်ဦး၊ သိပ္ပံတွဲဖြင့် ဒဂုံမြို့နယ်အမှတ်(၁) အထက်တန်းကျောင်းမှ အဆင့်(၄) တစ်ဦးနှင့် ဝိပ္ပံတွဲဖြင့် လှည်းကူးမြို့နယ် မဟောသဓာကိုယ်ပိုင်အထက်တန်းကျောင်းမှ အဆင့်(၅) တစ်ဦးတို့ ဖြစ်ကြသည်။

ထိုကဲ့သို့ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသူများ၏ ဝမ်းသာပီတိ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-



ဒေါက်တာစန္ဒာမြင့်မြင့်

**ဒေါက်တာစန္ဒာမြင့်မြင့်**
**(ကျောင်းအုပ်ကြီး၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း**

၂၀၂၆ ခုနှစ်မှာ ဒဂုံ အထက(၁)အနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၂၄၉ ဦး ဖြေဆိုခဲ့ပြီး အောင်မြင်သူ ၁၈၈ ဦးမှာ ဂုဏ်ထူးက ၈၆ ဦးနဲ့ ရိုးရိုးအောင်မြင်မှု ၁၀၂ ဦးရှိတဲ့အတွက် အောင်ချက် ၇၅ ဒသမ ၅၀ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ ကျောင်းကနေ မြန်မာတစ်နိုင်ငံလုံး အဆင့် ၄ နဲ့ အောင်မြင်သူ တစ်ဦး၊ တိုင်းဒေသကြီးအနေနဲ့ အဆင့်၁၊ အဆင့် ၄ နဲ့ အဆင့် ၇ သုံးဦး အောင်မြင်မှု ရရှိခဲ့ပါတယ်။

အခုလိုအောင်မြင်မှုရရှိတာဟာ မိဘ၊ ဆရာနဲ့ ကျောင်းသား ကျောင်းသူ ပူးပေါင်းရလဒ်ပဲ ဖြစ်ပါတယ်။ စာသင်နှစ်တစ်ခုလုံး တတ်မြောက်မှုစစ်ဆေးခြင်း လေးကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးရာမှာ ကောင်း၊ သင့်၊ ညံ့ ကလေးအားလုံး အကျိုးဝင်ဖြေဆိုနိုင်အောင် ဘာသာရပ်မှူးတွေ ဦးဆောင်မှုနဲ့ မေးခွန်းပြုစုပြီး စစ်ဆေးခဲ့ပါတယ်။ အဲဒီကနေရရှိတဲ့ ရလဒ်အရ အားနည်းတဲ့ကလေးတွေကို သက်ဆိုင်ရာ ဘာသာရပ်မှူးတွေနဲ့ မိဘတွေ ပူးပေါင်းပြီး အောင်ချက်မြင့်မားရေးအစီအစဉ်တွေ ပြုလုပ်ခဲ့ပါတယ်။ ကျောင်းကနေ ထူးချွန်ကျောင်းသားတွေ နှစ်စဉ်ပေါ်ထွန်းမှုအပေါ် နိုင်ငံအတွက် သာမက ရန်ကုန်တိုင်းဒေသကြီးနဲ့ အထက-၁ ဒဂုံအတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အောင်မြင်မှုကိုအခြေခံပြီး ပိုမိုမြင့်မားတဲ့ ပညာရပ်တွေကို ဆည်းပူးပြီး နိုင်ငံနဲ့ လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ အားနည်းခဲ့တဲ့သူတွေကလည်း တစ်ခါမအောင်မြင်တာဟာ ဘဝတစ်ခုလုံးရှုံးနိမ့်သွားတာမဟုတ်တဲ့အတွက် စိတ်ဓာတ်မကျဘဲ ထပ်မံကြိုးစားဖို့ အားပေးတိုက်တွန်းပါတယ်။



မသက်နှင်းစံ

**မသက်နှင်းစံ**
**(သိပ္ပံတွဲ၊ တစ်နိုင်ငံလုံး အဆင့်-၄)**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး အဆင့် (၄)နဲ့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အဆင့်(၁) ရရှိခဲ့ပါတယ်။ ကျောင်းနဲ့ မိဘအတွက် အခုလို အောင်မြင်မှုရရှိအောင် ကြိုးစားပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မကို အမြဲပံ့ပိုးစောင့်ရှောက်ပေးခဲ့တဲ့ ဖေဖေနဲ့ မေမေကို အဓိကကျေးဇူးတင်ပါတယ်။ ပြီးတော့ သင်ခန်းစာတိုင်းကို စနစ်တကျ သင်ကြားပြသပေးခဲ့တဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အနန္တဂိုဏ်းဝင် မိဘနဲ့ ဆရာတွေကို လက်စုံမိုးပြီး ဦးခိုက်ကန်တော့ပါတယ်။ ကျောင်းမှာ စာသင်ယူတဲ့ အချိန်တုန်းက အမှတ်အများဆုံးရတဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦးကို ထူးချွန်ထက်မြက်တံဆိပ်ဝိုင်းလေးတွေ တပ်ဆင်ပေးထားတာကြောင့် အဲဒီတံဆိပ်လေး မပြုတ်သွားအောင် စာကိုအမြဲကြိုးစားလေ့လာခဲ့ပါတယ်။ စာမေးပွဲဖြေဆိုတဲ့အခါမှာလည်း အမှတ်ပေးစည်းမျဉ်းနဲ့အညီ ဖြေဆိုတတ်အောင် တက္ကသိုလ်ကပါမောက္ခ ဆရာ ဆရာမကြီးတွေကို ဖိတ်ခေါ်ပြီး သင်ပြပေးခဲ့ပါတယ်။ ဒီလိုသင်ယူနိုင်အောင်စီစဉ်ပေးတဲ့ ကျောင်းအုပ်ဆရာမကြီးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

အခုလို တက္ကသိုလ်ဝင်တန်းကို အောင်မြင်ဖို့ တစ်နေ့သင်ကြားတဲ့စာကို တစ်နေ့အပြတ်လေ့လာခဲ့ပါတယ်။ စာသင်နှစ်တစ်ခုလုံးမှာ သာမန်ကြိုးစားမှုထက်ပိုတဲ့ လေ့ကျင့်မှုနဲ့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် တစ်ချိန်လုံး စာကြည့်နေတာမျိုး မဟုတ်ဘဲ စိတ်အပန်းဖြေဖို့ နားချိန်လည်း ထားဖို့ လိုအပ်တယ်ဆိုတာ အကြံပြုလိုပါတယ်။



မမေမြတ်သဲခိုင်

**မမေမြတ်သဲခိုင်**
**(ရန်ကုန်တိုင်းဒေသကြီး အဆင့်-၄)**

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်မြင်ခဲ့ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ အဆင့် ၄ ရရှိခဲ့ပါတယ်။ အခုလိုအောင်မြင်မှုရရှိအောင် မိဘနှစ်ပါးနဲ့ ဆရာ ဆရာမတွေက အများကြီးပံ့ပိုးခဲ့ပါတယ်။ အခုလို ကျောင်းရဲ့ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမယ့် မောင်လေး၊ ညီမလေးတွေကို အကြံပြုချင်တာက ကိုယ့်ကိုယ်ကိုယ် မလိမ်ပါနဲ့။ စာမရတာ၊ မသိတာရှိရင် ဆရာ ဆရာမတွေကို သေသေချာချာမေးမြန်းပြီး ရှင်းပြပေးဖို့တင်ပြသင့်ပါတယ်။ တက္ကသိုလ်ဝင်တန်းဟာ အရေးကြီးတာကြောင့် အချိန်ဇယားရေးဆွဲပြီး စာကို သေချာလုပ်ဖို့ အကြံပြုလိုပါတယ်။ ကြိုးစားမှုတိုင်းဟာ အချည်းအနှီး မဟုတ်ပါဘူး။ ကိုယ်ကြိုးစားတဲ့အတိုင်း ပြန်ရပါတယ်။ ကျွန်မကတော့ ဆေးပညာကို သင်ယူလေ့လာပြီး နိုင်ငံတော်အတွက် လိုအပ်တဲ့နေရာမှာ တာဝန်ထမ်းဆောင်ချင်ပါတယ်။



မောင်ကောင်းခန့်ဇော်

**မောင်ကောင်းခန့်ဇော်**
**(ရန်ကုန်တိုင်းဒေသကြီး အဆင့်-၇)**

ကျွန်တော်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ သတ္တမအဆင့် ရရှိခဲ့ပါတယ်။ ပျော်ရွှင်မှုထဲမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ခံစားမှုဟာ ထူးခြားပါတယ်။ စာသင်နှစ်မှာ ဖေဖေနဲ့ မေမေက လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမတွေကလည်း စိတ်ရှည်ရှည်နဲ့ လေ့ကျင့်သင်ကြားပေးကြပါတယ်။ တစ်နှစ်ပတ်လုံး စာကိုပဲ တစိုက်မတ်မတ် ကြိုးစားခဲ့ပါတယ်။ အဲဒီကျေးဇူးတွေနဲ့ ကြိုးစားခဲ့မှုကြောင့် ဒီအဆင့်ကို တက်လှမ်းနိုင်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ဝင်တန်းဖြေမယ့် ညီငယ် ညီမငယ်တွေကို ကြိုးစားဖို့ တိုက်တွန်းအကြံပြုပါတယ်။ ကြိုးစားမှုအတိုင်း အောင်မြင်မှုကိုပြန်လည်ရရှိပါလိမ့်မယ်။ ကျွန်တော်ကတော့ ဆေးပညာကို သင်ယူပြီးတော့ နိုင်ငံတော်အတွက်လိုအပ်တဲ့ဘက်ကနေ ကူညီပေးသွားမှာပါ။

❑ *ရှေ့ဖုံးမှ*

၃၃၆၄ ဦး ဖြေဆိုပြီး ၁၆၇၂ ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၉ ဒသမ ၇၀ ရာနှုန်းဖြစ်ကြောင်း သိရသည်။

**လွယ်ကူအဆင်ပြေစွာ ကြည့်ရှုနိုင်**

ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို၊ အောင်မြင်၊ အောင်ချက်ရာခိုင်နှုန်းနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၁၀ ဦး စာရင်းများကိုလည်း www.myanmarexam.org တွင် လွှင့်တင်ထားကြောင်း သိရပြီး ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများအနေဖြင့် လွယ်ကူအဆင်ပြေစွာ ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား

အက္ခရာစဉ်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင် ဦးရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၁၆၃၄ | ၆၃၃၀ | ၅၄.၄၁% |
| ၂ | ကယားပြည်နယ် | ၄၇၁ | ၂၃၄ | ၄၉.၆၈% |
| ၃ | ကရင်ပြည်နယ် | ၃၆၆၀ | ၁၆၈၇ | ၄၆.၀၉% |
| ၄ | ချင်းပြည်နယ် | ၈၄၃ | ၁၆၁ | ၁၉.၁၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၅၂၆ | ၅၉၀၅ | ၄၇.၁၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၉၉၁ | ၂၇၆၄ | ၄၆.၁၄% |
| ၇ | နေပြည်တော် | ၁၄၁၃၁ | ၇၀၂၁ | ၄၉.၆၉% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၄၆၂၇ | ၇၂၄၃ | ၄၉.၅၂% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၁၈၆၆ | ၇၀၇၂ | ၅၉.၆၀% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၁၂၁၉ | ၁၂၃၉၀ | ၅၈.၃၉% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၄၅၆၃၅ | ၂၈၃၉၃ | ၆၂.၂၂% |
| ၁၂ | မွန်ပြည်နယ် | ၁၀၅၄၂ | ၅၉၂၄ | ၅၆.၁၉% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၆၉၂ | ၈၂၀ | ၄၈.၄၆% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၄၆၈၈၉ | ၂၃၂၀၃ | ၄၉.၄၈% |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၁၃၃၈၃ | ၆၅၃၇ | ၄၈.၈၅% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၁၆၈၇ | ၇၃၅ | ၄၃.၅၇% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၁၉၇၂ | ၇၂၆ | ၃၆.၈၂% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၄၃၆ | ၁၆၅၀၇ | ၄၅.၃၀% |
| ၁၉ | နိုင်ငံခြား | ၂၄ | ၂၁ | ၈၇.၅၀% |
| စုစုပေါင်း | | ၂၅၅၂၂၈ | ၁၃၃၆၇၃ | ၅၂.၃၇% |

## ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို၊ အောင်မြင်ဦးရေပြဇယား

အက္ခရာစဉ်

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဖြေဆို | အောင်မြင် | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၂၀၀ | ၇၃ | ၃၆.၅၀% |
| ၂ | ကယားပြည်နယ် | ၂၆ | ၈ | ၃၀.၇၇% |
| ၃ | ကရင်ပြည်နယ် | ၁၁၂ | ၅၉ | ၅၂.၆၈% |
| ၄ | ချင်းပြည်နယ် | ၂၇ | ၁၂ | ၄၄.၄၄% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇၇ | ၁၇၇ | ၄၆.၉၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၈ | ၁၇ | ၄၄.၇၄% |
| ၇ | နေပြည်တော် | ၂၃၀ | ၁၀၁ | ၄၃.၉၁% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၄၃၅ | ၂၂၇ | ၅၂.၁၈% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၄၅ | ၁၈၄ | ၅၃.၃၃% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၃၇ | ၁၆၄ | ၄၈.၆၆% |
| ၁၁ | မွန်ပြည်နယ် | ၅၇ | ၃၁ | ၅၄.၃၉% |
| ၁၂ | ရခိုင်ပြည်နယ် | ၁၁ | ၄ | ၃၆.၃၆% |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၀၂ | ၂၀၈ | ၅၁.၇၄% |
| ၁၄ | ရှမ်းပြည်နယ် | ၄၀၅ | ၂၆၈ | ၆၆.၁၇% |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၂ | ၁၃၉ | ၃၈.၄၀% |
| စုစုပေါင်း | | ၃၃၆၄ | ၁၆၇၂ | ၄၉.၇၀% |

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ အောင်မြင်သူ ၂၃၂၀၃ ဦးရှိခဲ့

**ရန်ကုန် ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာစာစစ်ဌာန ၁၀၃ ခု၌ တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၄၆၈၈၉ ဦးမှ အောင်မြင်သူ ၂၃၂၀၃ ဦး၊ အောင်မြင်မှု ရာခိုင်နှုန်း ၄၉ ဒသမ ၄၈ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူနှင့်မိဘများ ကြည့်ရှုစဉ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၃၂၀၃ ဦး အောင်မြင်တဲ့အတွက် ၄၉ ဒသမ ၄၈ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ မနှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း ၄ ရာခိုင်နှုန်း ကျသွားပေမယ့် ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝေ(ပညာ)က ပြောကြားသည်။

ထိုသို့ တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၁၀၃ ခုတွင် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ကြေညာမှုကို ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများက စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

ထို့အတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူ ၄၀၂ ဦး ဝင်ရောက်ဖြေဆိုရာ၂၀၈ဦး အောင်မြင်ခဲ့ပြီး အောင်မြင်မှု ရာခိုင်နှုန်း ၅၁ ဒသမ ၇၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။

"ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းကနေ ကျောင်းသား ကျောင်းသူ ၂၈၉ ဦး ဖြေဆိုရာမှာ ၁၅၀ အောင်မြင်ခဲ့တဲ့အတွက် အောင်ချက်က ၅၁ ဒသမ ၉ ရာခိုင်နှုန်း ရှိပါတယ်။ မနှစ်က အောင်ချက်ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းကျော်ဆိုတော့ ၂၀၂၅ ခုနှစ်ထက် အောင်ချက်တိုးတက်လာပါတယ်။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကို ရည်မှန်းပြီး အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမှာပါ" ဟု ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းအောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကမာရွတ်မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၀၁၀ ဖြေဆိုခဲ့ရာ ၇၉၂ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၈ ဒသမ ၄၂ ရာခိုင်နှုန်း ရရှိ၍ အောင်ချက်အများဆုံး မြို့နယ်အဖြစ်လည်းကောင်း၊ လမ်းမတော်မြို့နယ်မှ ၅၄၅ ဦး ဖြေဆိုခဲ့ရာ ၄၀၉ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၅ ဒသမ ၀၅ ရာခိုင်နှုန်းရရှိ၍ အောင်ချက်ဒုတိယအများဆုံး မြို့နယ်အဖြစ်လည်းကောင်း၊ ဗဟန်းမြို့နယ်မှ ၇၄၁ ဦး ဖြေဆိုခဲ့ရာ ၅၀၂ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၇ ဒသမ ၇၅ ရာခိုင်နှုန်းရရှိ၍ အောင်ချက်တတိယ အများဆုံး မြို့နယ်အဖြစ်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးအနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းများ အောင်ချက်မြင့်မားရေးအတွက် အဖွဲ့များဖွဲ့ကာ အောင်ချက်နည်းခဲ့သည့် စာသင်ကျောင်းများကို ကွင်းဆင်း၍ လိုအပ်ချက်များကို ရှာဖွေကာ ဖြည့်ဆည်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အောင်ချက်မြင့်မားရေးအတွက် တက္ကသိုလ်များနှင့် ချိတ်ဆက်၍ သင်တန်းပို့ချမှု အစီအစဉ်များကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(mna) ဓာတ်ပုံ - ကနူး**

---



ဦးဝင်းမြင့်ဦး



ဒေါ်မေယဉ်မွန်



ဒေါ်စမ်းစမ်း



မမြင့်မြတ်သဇင်



မောင်မြတ်ထက်ဦး



မောင်သော်ဇင်ထွန်း



မအိမ့်ချယ်ပိုင်

***❊ ကျောဖုံးမှ***

"၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုသူ ၇၈ ဦးရှိပြီး အောင်မြင်သူ ၃၃ ဦး ရှိပါတယ်။ အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၄၂ ဒသမ ၃၁ ရာခိုင်နှုန်း ရှိပါတယ်။ အရင်နှစ်နဲ့ အောင်မြင်မှုရာခိုင်နှုန်းက အတူတူပဲဖြစ်ပါတယ်။ ဘာသာစုံဂုဏ်ထူးရှင် ၃ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၄ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၃ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၂၁ ဦးရှိပါတယ်။ လာမယ့်နှစ်မှာ ဒီထက်မက အောင်ချက်ရာခိုင်နှုန်းတွေ မြင့်မားပြီး ဂုဏ်ထူးတွေအများကြီး ရရှိအောင် ကြိုးစားကြပါ။ အခု စာသင်နှစ်အတွက်လည်း ကျောင်းအပ်နှံလို့ ရပါသေးတယ်" ဟု အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက ပြောကြားသည်။

ထို့အတူ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေယဉ်မွန်က " ဒီနှစ် အောင်ချက်ရာခိုင်နှုန်းက ၄၂ ဒသမ ၆၄ ရာခိုင်နှုန်းရှိပါတယ်။ ဘာသာစုံ ဂုဏ်ထူးရှင် ၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁ ဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ၆ ဦး ရရှိကြပါတယ်။ အခုနှစ်တက်နေတဲ့ G 12 ကျောင်းသား ကျောင်းသူတွေကို နှစ်အစကတည်းက အချိန်ပိုယူပြီး သင်ကြားပေးနေပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ဘာသာစုံဂုဏ်ထူးရှင်တွေ ထွက်ရှိသလို လာမယ့်ပညာသင်နှစ်မှာလည်း ဒီထက်မက ဂုဏ်ထူးရရှိသူတွေ ပိုများအောင် ဆရာ ဆရာမတွေကလည်း ကြိုးစား သင်ကြားနေကြပါတယ်" ဟု ပြောသည်။

အလားတူ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းကလည်း " ဒီနှစ် အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ မနှစ်က အောင်မြင်မှုရာခိုင်နှုန်းက ၃၂ ရာခိုင်နှုန်းကျော်ဆိုတော့ ဒီနှစ်အောင်မြင်မှု ရာခိုင်နှုန်း ပိုမိုတိုးတက်လာပါတယ်။ ဂုဏ်ထူးရရှိမှုတွေကတော့ လေးဘာသာဂုဏ်ထူးရှင် ၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁ ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၅ ဦးရရှိပါတယ်။ ကျောင်းသားကျောင်းသူတိုင်းကို မှာကြားချင်တာကတော့ ဘယ်အတန်းမဆို သင်ခန်းစာကို အကြွေးမထားဘဲ တစ်နေ့စာ တစ်နေ့၊ တစ်ပတ်စာတစ်ပတ် ပုံမှန်လေ့ကျင့်သွားမယ်ဆိုရင် ဘာသာရပ်အားလုံး အခက်အခဲမရှိ ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်နယ်မြေအတွင်း ဖြေဆိုအောင်မြင်မှုအနေဖြင့် ဥတ္တရသီရိမြို့နယ်၌ ဖြေဆိုသူ ၁၀၁၆ ဦး၊ အောင်မြင်သူ ၅၇၃ ဦး အောင်ချက် ရာခိုင်နှုန်း ၅၆ ဒသမ ၄၀ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဖြေဆိုသူ ၂၁၂၅ ဦး၊ အောင်မြင်သူ ၁၀၇၁ ဦး အောင်ချက်ရာခိုင်နှုန်း ၅၀ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ ဖြေဆိုသူ ၁၅၅၂ ဦး၊ အောင်မြင်သူ ၆၆၀ အောင်ချက် ရာခိုင်နှုန်း ၄၂ ဒသမ ၅၃ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ ဖြေဆိုသူ ၁၈၅၁ ဦး၊ အောင်မြင်သူ ၈၁၅ ဦး အောင်ချက်ရာခိုင်နှုန်း ၄၄ ဒသမ ၀၃ ရာခိုင်နှုန်း၊ ပျဉ်းမနားမြို့နယ်၌ ဖြေဆိုသူ ၂၆၁၃ ဦး၊ အောင်မြင်သူ ၁၄၇၃ ဦး အောင်ချက်ရာခိုင်နှုန်း ၅၆ ဒသမ ၃၇ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဖြေဆိုသူ ၁၅၄၄ ဦး၊ အောင်မြင်သူ ၇၇၃ ဦး အောင်ချက် ရာခိုင်နှုန်း ၅၀ ဒသမ ၀၆ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဖြေဆိုသူ ၃၀၂၁ ဦး၊ အောင်မြင်သူ ၁၄၇၀ အောင်ချက် ရာခိုင်နှုန်း ၄၅ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဒက္ခိဏသီရိမြို့နယ်၌ ၄၀၉ ဦး၊ အောင်မြင်သူ ၁၈၆ ဦး အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ ဂုဏ်ထူးတို့ဖြင့် အောင်မြင်သူ မမြင့်မြတ်သဇင်က " ဒီလိုဂုဏ်ထူးတွေရရှိအောင် တစ်နေ့စာ တစ်နေ့၊ တစ်ပတ်စာ တစ်ပတ်ကို မှတ်မိနေအောင် လေ့ကျင့်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေကိုလည်း အကြိမ်များစွာ လေ့ကျင့်ခဲ့ပါတယ်။ စာကျက်မှတ်ချိန်တွေကို အချိန်ဇယားနဲ့ သေချာကျက်မှတ်ခဲ့ပါတယ်။ စားချိန်၊ အိပ်ချိန်တွေ အချိန်မှန်သတ်မှတ်ပြီး ကျန်းမာရေးလည်း အထူးဂရုစိုက်ခဲ့ပါတယ်။ ကျွန်မက စိုးရိမ်စိတ်နဲ့ သင်ခန်းစာတွေကို လေ့လာတဲ့အခါ စိတ်ဖိစီးမှုဖြစ်ပြီး ပင်ပန်းပါတယ်။ ဒါကြောင့် စိတ်အေးအေးနဲ့ လေ့လာဖို့ ပြန်ပြီး သတိထားခဲ့ရတယ်။ ဒါကြောင့် အဲဒီလိုမဖြစ်အောင် မောင်လေး၊ ညီမလေးတွေကိုလည်း စိတ်အေးအေးထားပြီး လေ့လာသင်ယူဖို့ အကြံပြုချင်ပါတယ်" ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ်ဂုဏ်ထူးများဖြင့် အောင်မြင်သူ မောင်မြတ်ထက်ဦးကလည်း " ပထမ အဆင့်အနေနဲ့ ကျောင်းက သင်ကြားလိုက်တဲ့သင်ခန်းစာတွေကို အဲဒီနေ့မှာပဲ မှတ်မိအောင် ပြန်လည်လေ့ကျင့်ပါတယ်။ တစ်ပတ်စာတစ်ပတ် လေ့ကျင့်ပါတယ်။ အားနည်းတဲ့ဘာသာ၊ ပုစ္ဆာဆိုရင် ထပ်ခါထပ်ခါ လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော်က ရေကြောင်းအရာရှိတစ်ယောက် ဖြစ်ချင်တဲ့အတွက် ရေကြောင်းသိပ္ပံတက်ဖို့ စိတ်ကူးထားပါတယ်။ ညီလေး၊ ညီမလေးတွေကို အကြံပြုချင်တာက Grade-12 စာမေးပွဲကြီးဆိုပြီး စိုးရိမ်စိတ်မထားပါနဲ့၊ လေ့ကျင့်ခန်းတွေ ပြန်လှန်လေ့ကျင့်ရင်း အကောင်းဆုံး ကျော်ဖြတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ် ဂုဏ်ထူးများဖြင့် အောင်မြင်သူ မောင်သော်ဇင်ထွန်းက " Grade-12 စာသင်နှစ်စကတည်းက ကျောင်းမှာ ဆရာ ဆရာမတွေ သင်ကြားတာကို သေချာမှတ်သားပါတယ်။ အိမ်ရောက်ရင် ကျောင်းမှာသင်ကြားလိုက်တဲ့ ဘာသာရပ်အားလုံးကို ပြန်လည်လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ ရည်မှန်းချက်ကတော့ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်ချင်တာပါ။ အမှတ်လည်း ကောင်းလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ Grade-12 အတန်းက တစ်နှစ်ပတ်လုံး နေ့စဉ်လေ့လာလေ့ကျင့်မှုနဲ့ ဖြတ်သန်းသွားမှသာ အောင်မြင်မယ့်အတန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ နှစ်စကတည်းက တစ်နေ့စာ တစ်နေ့ ပုံမှန်လေ့ကျင့်ပြီး ကျန်းမာရေးကိုလည်း ဂရုစိုက်ပါလို့ အကြံပြုမှာကြားချင်ပါတယ်"ဟု ပြောသည်။

ထို့အပြင် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ် ဂုဏ်ထူးများဖြင့် အောင်မြင်သူ မအိမ့်ချယ်ပိုင်က " သင်ခန်းစာတိုင်းကို တစ်နေ့စာတစ်နေ့၊ တစ်ပတ်စာတစ်ပတ် စာအကြွေးမရှိအောင် လေ့ကျင့်ခဲ့ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေကိုလည်း အချိန်ဇယားနဲ့ လေ့လာခဲ့ပါတယ်။ အဓိကအချက်ကတော့ ကိုယ်ပိုင် အချိန်ရှိဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးလည်း ဂရုစိုက်ပါလို့ မှာကြားလိုပါတယ်"ဟု ပြောပြသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုက ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့် ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**အေးအေးသန့်၊ ဓာတ်ပုံ-ဖိုးပြည့်စုံ**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# အမျိုးသမီးများ၏ စွမ်းအားနှင့် ဂုဏ်သိက္ခာ

ဇော်ထွန်းအောင်(ပညာရေး)

**နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကိုတိုင်းတာရာတွင် စီးပွားရေး၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုသာမက လူသားအရင်းအမြစ်၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကိုလည်း အဓိကထား၍ သုံးသပ်ကြသည်။ ထိုလူသားအရင်းအမြစ်များအနက် အမျိုးသမီးများသည် မိသားစု၏ အခြေခံမဏ္ဍိုင်၊ လူမှုအသိုက်အဝန်း၏ အားအင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါဆုံး မောင်းနှင်အားတစ်ရပ် ဖြစ်ကြသည်။**

**"အမျိုးသမီးတစ်ဦးကို ပညာပေးနိုင်လျှင် မိသားစုတစ်စုကို ပညာပေးနိုင်သည်"** ဟူသော အဆိုအရ အမျိုးသမီးများ၏ ပညာရေး၊ အသိပညာနှင့်အရည်အချင်းများ တိုးတက်လာခြင်းသည် မျိုးဆက်သစ်လူငယ်များ၏အနာဂတ်ကို ပိုမိုကောင်းမွန်စေသည့် အခြေခံအင်အားဖြစ်သည်။ ယနေ့ခေတ်တွင် အမျိုးသမီးများသည် မိခင်၊ ဆရာမ၊ ဆရာဝန်၊ သုတေသီ၊ စီးပွားရေးလုပ်ငန်းရှင်၊ အုပ်ချုပ်ရေးမှူးနှင့် လူမှုဖွံ့ဖြိုးရေးခေါင်းဆောင်များအဖြစ် ကဏ္ဍစုံတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။

အမျိုးသမီးများ၏ အောင်မြင်မှုသည် ပုဂ္ဂိုလ်ရေးအောင်မြင်မှုတစ်ခုတည်းမဟုတ်ဘဲ မိသားစု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်တစ်ရပ်လုံး၏ တိုးတက်မှုကို အထောက်အကူပြုသော အရေးပါသည့်အင်အားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာတစ်ရပ်ဖြစ်သည်။

သမိုင်းကို ပြန်လည်လေ့လာကြည့်ပါက မြန်မာအမျိုးသမီးများသည် အိမ်တွင်းရေးတာဝန်၊ အိမ်မှုကိစ္စများကိုသာ ထမ်းဆောင်ခဲ့ကြသူများ မဟုတ်ကြပေ။ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ အမျိုးသားရေးလှုပ်ရှားမှုများ၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အမျိုးသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြသည်။

**မြန်မာ့ယဉ်ကျေးမှုတွင်**
**အမျိုးသမီးများ၏ အခန်းကဏ္ဍ**

မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများတွင် အမျိုးသမီးများကို မိသားစု၏ အရေးပါသော အစိတ်အပိုင်းအဖြစ် သတ်မှတ်ခဲ့ကြသည်။ ရှေးခေတ်ကတည်းက ပိုင်ဆိုင်မှုအခွင့်အရေး၊ အမွေဆက်ခံခွင့်နှင့် မိသားစုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်သည့် အခွင့်အရေးများရှိခဲ့ကြသည်။ **"အိမ်ရှင်မ"** ဟူသောအဓိပ္ပာယ်သည် အိမ်မှုကိစ္စများကိုသာ စီမံဆောင်ရွက်သူမဟုတ်ဘဲ မိသားစု၏ စီးပွားရေး၊ လူမှုရေးနှင့် အနာဂတ်ဖွံ့ဖြိုးမှုကို ဦးဆောင်စီမံနိုင်သူအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

မြန်မာ့သမိုင်းစာမျက်နှာများတွင် ဉာဏ်ပညာ၊ သတ္တိနှင့် အမြော်အမြင်တို့ဖြင့် ထူးချွန်ထက်မြက်သော အမျိုးသမီးခေါင်းဆောင်များနှင့် စံပြပုဂ္ဂိုလ်များစွာ ပေါ်ထွန်းခဲ့ကြပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှု ကာလများတွင်လည်း မြန်မာအမျိုးသမီးများသည် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းကာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြပါသည်။

ထိုသမိုင်းဝင် အမျိုးသမီးများအနက် ထားဝယ်သူ သူရမချစ်ပိုသည် ထူးခြားစွာ မှတ်တမ်းတင်ထိုက်သူတစ်ဦး ဖြစ်ပါသည်။ သူသည် မြန်မာ့တပ်မတော်သမိုင်းတွင်သာမက မြန်မာနိုင်ငံ၏ သမိုင်းစာမျက်နှာများတွင်ပါ အမျိုးသမီး "သူရဘွဲ့" ရရှိသူအဖြစ် ဂုဏ်ယူဖွယ် မှတ်တမ်းဝင်ခဲ့ပါသည်။ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ပြသခဲ့သည့် မကြောက်မရွံ့သော သတ္တိ၊ တာဝန်ယူစိတ်နှင့် စွန့်လွှတ်အနစ်နာခံမှုများကို အသိအမှတ်ပြု၍ ၁၉၅၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက "သူရဘွဲ့" ကို ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

**"အနာဂတ်တွင် ကျွန်ုပ်တို့မျှော်မှန်းထားသော ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီသော နိုင်ငံတစ်နိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် အမျိုးသမီးများ၏ စွမ်းအား၊ ဉာဏ်ပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အချင်းများကို ပိုမိုမြှင့်တင်ပေးရမည်ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း အမျိုးသမီးများ၏ အောင်မြင်မှုကို ဂုဏ်ယူအားပေးပြီး တန်းတူအခွင့်အရေး၊ တန်းတူပါဝင်မှုနှင့် တန်းတူတိုးတက်မှုကို အခြေခံသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန် လက်တွဲကြိုးပမ်းသွားရမည်"**

မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များက ကျွန်ုပ်တို့အား ပေးအပ်ထားသော အရေးကြီးဆုံး သင်ခန်းစာမှာ အမျိုးသမီးများသည် လူမှုအသိုက်အဝန်း၏ အားနည်းသူများမဟုတ်ဘဲ မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်မောင်းနှင်နိုင်သည့် စွမ်းအားရှင်များ ဖြစ်ကြောင်းပင် ဖြစ်ပါသည်။ ထိုစံပြအမျိုးသမီးကောင်းများ၏ ဂုဏ်ရောင်ကို ဆက်လက်ထိန်းသိမ်းပြီး ခေတ်သစ်အမျိုးသမီးများအနေဖြင့် ပညာ၊ အရည်အချင်းနှင့် ကိုယ်ကျင့်သိက္ခာတို့ကို ပေါင်းစပ်ဖွံ့ဖြိုးစေခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုအရေးပါသော အခန်းကဏ္ဍများကို ဆက်လက်ထမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်။

**ပညာရေးကဏ္ဍ၏ အားထားရသော စွမ်းအားစု**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် ပညာရေးအပေါ်မူတည်သည်။ ထိုပညာရေးကဏ္ဍတွင် အမျိုးသမီးဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည်။ စာသင်ခန်းအတွင်း အသိပညာပေးခြင်းသာမက ကိုယ်ကျင့်တရား၊ လူမှုကျင့်ဝတ်နှင့် နိုင်ငံချစ်စိတ်တို့ကိုလည်း ပျိုးထောင်ပေးလျက်ရှိကြသည်။ မျိုးဆက်သစ်လူငယ်များ၏ အောင်မြင်မှုနောက်ကွယ်တွင် မေတ္တာ၊ စေတနာနှင့် တာဝန်ယူမှုအပြည့်ဖြင့် သင်ကြားပေးခဲ့သော ဆရာမများ၏ အခန်းကဏ္ဍကို လျစ်လျူရှု၍ မရနိုင်ပေ။

**ကျန်းမာရေးကဏ္ဍ၏ အနစ်နာခံသူများ**

လူ့ဘဝ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးကဏ္ဍတွင်လည်း အမျိုးသမီးများသည် အရေးပါသောတာဝန်များကို ထမ်းဆောင်လျက်ရှိကြသည်။ ဆရာဝန်များ၊ သူနာပြုများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအဖြစ် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေကြသည်။ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင်လည်း လူသားချင်းစာနာမှုစိတ်ဓာတ်ဖြင့် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းရှင်**
**အမျိုးသမီးများ**

ယနေ့ခေတ် စီးပွားရေးလောကတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ပိုမိုကျယ်ပြန့်လာသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများမှစ၍ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအထိ အမျိုးသမီးလုပ်ငန်းရှင် များစွာပေါ်ထွန်းလာကြသည်။ ၎င်းတို့သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ မိသားစုဝင်ငွေမြှင့်တင်ပေးခြင်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိကြသည်။ စီးပွားရေးကဏ္ဍတွင် အမျိုးသမီးများ၏ တက်ကြွစွာ ပါဝင်နိုင်မှုသည် နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ပေးသည့် အရေးပါသော အချက်တစ်ရပ်ဖြစ်သည်။

**နည်းပညာခေတ်၏ အမျိုးသမီးခေါင်းဆောင်များ**

ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု လျင်မြန်လာသည့် ယနေ့ခေတ်တွင် အမျိုးသမီးများသည် နည်းပညာ၊ သိပ္ပံသုတေသနနှင့် အင်ဂျင်နီယာနယ်ပယ်များတွင် ပိုမိုထင်ရှားလာကြသည်။ သုတေသီများ၊ အင်ဂျင်နီယာများ၊ ဆော့ဖ်ဝဲဖန်တီးသူများနှင့် နည်းပညာကျွမ်းကျင်သူများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြပြီး အသိပညာအခြေပြု စီးပွားရေးစနစ် တည်ဆောက်ရာတွင် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်လာကြသည်။

**အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှု**

ယခုအခါ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် အမျိုးသမီးအရာရှိများနှင့် စစ်သူရဲကောင်းများအဖြစ် တာဝန်ထမ်းဆောင်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အမျိုးသားများနှင့်အတူ လက်တွဲကာကွယ်နေကြပြီဖြစ်သည်။ အမျိုးသမီးများသည် အုပ်ချုပ်ရေး၊ ဥပဒေရေးရာ၊ လုံခြုံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင်လည်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

**နိုင်ငံတကာစာချုပ်များနှင့် အမျိုးသမီးများနေ့**
**အထိမ်းအမှတ် ရိုးရာဓလေ့**

ကမ္ဘာ့နိုင်ငံများသည် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ရှေးယခင်ကတည်းကပင် အခွင့်အရေး တန်းတူညီမျှရရှိခဲ့ကြပြီး ဥပဒေအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ခွဲခြားဆက်ဆံမှုမရှိသလောက်နည်းပါးခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW)ကိုလည်း မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

CEDAW ဆိုသည်မှာ **Convention on the Elimination of All Forms of Discrimination against Women** ၏ အတိုကောက်ဖြစ်ပြီး မြန်မာဘာသာဖြင့် **"အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ်"**ဟု ခေါ်ဆိုပါသည်။ ဤစာချုပ်သည် ကမ္ဘာတစ်ဝန်းရှိအမျိုးသမီးများ၏ ရပိုင်ခွင့်များကို ကာကွယ်ပေးသည့် **"အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီး"**ပင်ဖြစ်သည်။ ယနေ့ခေတ်တွင် အမျိုးသမီးများ၏ အရည်အချင်းကို အခြေခံသည့် တန်းတူအခွင့်အရေးများ ဖန်တီးပေးနိုင်ရေးသည် ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတစ်ရပ်၏ အခြေခံလိုအပ်ချက်တစ်ခု ဖြစ်လာသည်။

**မျိုးဆက်သစ်လူငယ်များ၏ တာဝန်**

အနာဂတ် မြန်မာနိုင်ငံသစ်ကို တည်ဆောက်မည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအနေဖြင့် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍများကို ပိုမိုအားပေးကူညီသွားရန် အစီအစဉ်ရှိရပါမည်။ ကျောင်းသင်ခန်းစာများမှစ၍ ကျောင်းသား ကျောင်းသူ အချင်းချင်းခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသရှိ အမျိုးသမီးငယ်လေးများ ပညာသင်ကြားခွင့်ရရှိစေရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်စေရန်အတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ အသိပညာပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို လုပ်ဆောင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားခြင်းနှင့် အမျိုးသမီးများ၏အသံနှင့်အမြင်များကိုအလေးထားနားထောင်ပေးခြင်းတို့သည် ပိုမိုတရားမျှတပြီး ငြိမ်းချမ်းသော လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် အခြေခံကျသောအချက်များ ဖြစ်ကြပါသည်။

အနာဂတ်တွင် ကျွန်ုပ်တို့မျှော်မှန်းထားသော ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီသော နိုင်ငံတစ်နိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် အမျိုးသမီးများ၏ စွမ်းအား၊ ဉာဏ်ပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အချင်းများကို ပိုမိုမြှင့်တင်ပေးရမည်ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း အမျိုးသမီးများ၏ အောင်မြင်မှုကို ဂုဏ်ယူအားပေးပြီး တန်းတူအခွင့်အရေး၊ တန်းတူပါဝင်မှုနှင့် တန်းတူတိုးတက်မှုကို အခြေခံသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန် လက်တွဲကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

အမျိုးသမီးများ၏ တိုးတက်မှုသည် မိသားစုတစ်စု၏ တိုးတက်မှုဖြစ်ပြီး မိသားစုများ၏ တိုးတက်မှုသည် နိုင်ငံတော်၏ တိုးတက်မှုဖြစ်ပါသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများ၏ စွမ်းပကားနှင့် ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခိုင်မာဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း ယုံကြည်စွာ မှတ်တမ်းတင်အပ်ပါသည်။

**အနာဂတ်အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု**
**မဟာဗျူဟာများ**

အမျိုးသမီးများ၏ စွမ်းအားကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် အောက်ပါကဏ္ဍများကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်-

- အရည်အသွေးမြင့် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိစေရေး၊
- ဒီဂျစ်တယ်နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေရေး၊

*စာမျက်နှာ ၇ သို့*

❂ *ကျောဖုံးမှ*

နံနက် ၆ နာရီမှစတင်ကာ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများက စနစ်တကျ ကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။


ဒေါက်တာသန်းထိုက်စိုး


မောင်စည်သူဗိုလ်


မအိကေဇင်


မမေဇင်ဖုန်းမြတ်


မဆောင်းနှင်းဖြူ


မအိမ့်မှူးခင်

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းက မနှစ်ကထက်စာရင် ဒီနှစ်အောင်ချက်က ငါးရာခိုင်နှုန်းလောက် တက်လာပါတယ်။ မနှစ်က ငါးဘာသာဂုဏ်ထူးရှင်တစ်ယောက်ပဲ ရှိခဲ့တယ်။ အခုနှစ်မှာတော့ လေးယောက်ရှိခဲ့တယ်။ အောင်ချက်လည်းတက်တယ်၊ ဂုဏ်ထူးအရေအတွက်လည်း များလာတယ်။ အောင်ချက်ရာခိုင်နှုန်း ငါးရာခိုင်နှုန်းလောက် တက်လာတဲ့အတွက် ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုဂုဏ်ယူပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိပြီး တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် မသီရိစိုးက "ကြိုးစားခဲ့ပေမယ့် ရမယ်လို့ မျှော်မှန်းမထားဘူး၊ အခုလိုရတဲ့အတွက် ပျော်ပါတယ်။ ဆရာ ဆရာမအားလုံးကို ကျေးဇူးတင်ပါတယ်။ CAE ကိုယ်ပိုင်အထက်တန်းကျောင်းကို ရောက်ရှိတဲ့အခါမှာ ဂရုစိုက်ပြီး သင်ကြားပေးခဲ့ပါတယ်။ တစ်ရက်စာ တစ်ရက်ကို ပိုင်အောင်လုပ်ရတယ်။ မေးခွန်းဟောင်းတွေ ထပ်ခါတလဲလဲ လေ့လာလေ့ကျင့်ရတယ်။ လိုလေသေးမရှိအောင် သင်ကြားပေးခဲ့ပါတယ်။ ဒါကြောင့် ဒီလိုမျိုးရရှိခဲ့တာလို့ ထင်ပါတယ်။ ကြိုးစားရင် အကုန်လုံးရရှိနိုင်တဲ့အတွက် အောင်မြင်မှုပန်းတိုင်ကို လက်မလျှော့ဘဲ ကြိုးစားကြဖို့ ညီတွေ၊ ညီမတွေကို အကြံပြုပြောချင်ပါတယ်" ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးထွက်ရှိပြီး တစ်နိုင်ငံလုံး ဒုတိယအမှတ်အများဆုံးရရှိသည့် မောင်စည်သူဗိုလ်က "အခုလိုမျိုးရရှိလာတယ်ဆိုတာက ကျွန်တော်တစ်ယောက်တည်းတော်လို့ မဟုတ်ပါဘူး။ စာသင်ကြားပေးတဲ့ ဆရာ ဆရာမတွေနဲ့ ထောက်ပံ့ပေးတဲ့ အဖေနဲ့ အမေတို့ရဲ့ ကျေးဇူးကြောင့်ဖြစ်ပါတယ်။ ပုံမှန်လေ့ကျင့်မှုက အဓိကပါ၊ နေ့စဉ်ကြိုးစားလေ့ကျင့်မှုကနေ အခုလို အောင်မြင်မှုရရှိခဲ့တာပါ" ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် တစ်နိုင်ငံလုံး ပဉ္စမရရှိသည့် မအိကေဇင်က "ကြိုးစားမှုနဲ့အတူ စိတ်ဖိစီးမှုလည်းရှိခဲ့တယ်။ ဒါပေမယ့် ဆရာ ဆရာမတွေ၊ မိဘနဲ့ မိသားစုဝင်တွေကပေးတဲ့ ခွန်အားနဲ့ ကြိုးစားခဲ့တာပါ။ အဓိကကတော့ သင်ခန်းစာ အကုန်လုံးကို လေ့လာထားဖို့ လိုအပ်ပါတယ်။ စေ့စေ့စပ်စပ်နဲ့ သေချာလေ့လာမှုကနေ ဒီလို အောင်မြင်မှုရရှိခဲ့တာဖြစ်တဲ့အတွက် လေ့လာမှုကို မလျှော့ဖို့ အကြံပြုလိုပါတယ်" ဟု ပြောသည်။

ထို့အပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့်အပြင် တစ်နိုင်ငံလုံး ဆဋ္ဌမရရှိသည့် မမေဇင်ဖုန်းမြတ်က "ဆရာမတွေ သင်ပြပေးတဲ့ သင်ခန်းစာအတိုင်း လိုက်လုပ်ပြီး တစ်နေ့စာတစ်နေ့ သေချာလေ့လာပါတယ်။ ဖေဖေနဲ့ မေမေကလည်း လိုလေသေးမရှိအောင် ထောက်ပံ့ပေးခဲ့တယ်။ ကျောင်းသား၊ ဆရာနဲ့ မိဘ ပူးပေါင်းကြိုးစားတဲ့အတွက် ဒီလိုမျိုးရရှိခဲ့တယ်လို့ ထင်ပါတယ်။ အခုလို အောင်မြင်အောင် သေချာသင်ကြားပေးတဲ့ CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ယင်းအပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိပြီး မန္တလေးတိုင်းဒေသကြီးအဆင့် ဆဋ္ဌမရရှိသည့် မဆောင်းနှင်းဖြူက "နေ့တိုင်းကျောင်းက သင်ကြားတဲ့စာတွေကို အကြွေးမထားဘဲ လေ့လာခဲ့ပါတယ်။ ကျောင်းက ပြန်လာတိုင်း စာလေ့လာလေ့ကျင့်ဖြစ်အောင် အဖေနဲ့ အမေက ဘေးကနေ ကူညီစောင့်ရှောက်ပေးခဲ့ပါတယ်။ ဆရာ ဆရာမတွေက သေချာသင်ကြားပေးခဲ့ပါတယ်။ အဲဒီကျေးဇူးတွေအတွက် ဦးထိပ်ထားကန်တော့ပါတယ်။ အခုနှစ် ဖြေဆိုကြမယ့် ညီ၊ ညီမတွေအနေနဲ့ စေ့စပ်သေချာမှုရှိပြီး အမြဲတမ်းမှတ်မိစေဖို့ နေ့စဉ်မပြတ် စာလုပ်ဖို့ အကြံပေးချင်ပါတယ်။ စာမေးပွဲနားနီးမှ ကပ်လုပ်တာမျိုးမဟုတ်ဘဲ ကြိုတင်ပြင်ဆင်မှုနဲ့ ကျော်ဖြတ်သွားစေချင်ပါတယ်" ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် မအိမ့်မှူးခင်က "စာသင်နှစ် အစကတည်းက တစ်ရက်စာတစ်ရက်ကို ပုံမှန်လုပ်တယ်၊ တစ်ပတ်စာတစ်ပတ် ပုံမှန်လေ့လာတယ်။ ကြိုးစားတဲ့အချိန်မှာ ပင်ပန်းတာတော့ ရှိခဲ့ပါတယ်။ ဒါပေမယ့် အရှုံးမပေးဘဲ ဆက်တိုက်ကြိုးစားမှုနဲ့ပဲ ကိုယ်ရည်မှန်းတဲ့ပန်းတိုင်ကို ရောက်ရှိခဲ့တာပါ။ ကျွန်မအဖေကတော့ ငယ်ငယ်လေးကတည်းက ဆုံးသွားတာပါ။ အဘိုး၊ အဘွားနဲ့ မေမေတို့ရဲ့ ထောက်ပံ့မှု၊ ပံ့ပိုးမှုနဲ့ အခုလိုအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကလေးအထူးကုဆရာဝန်ကြီးအဖြစ် နိုင်ငံတော်ကို အကျိုးပြုသွားဖို့ ရည်မှန်းထားပါတယ်" ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ၁၀ ဦးဝင်ရောက်ဖြေဆိုခဲ့ရာ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးရှိခဲ့ပြီး ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့ကြကြောင်း သိရသည်။

**မျိုးသန့်(မန္တလေးနေ့စဉ်)**

**ဓာတ်ပုံ-ကိုမျိုး**

❖ *ကျောဖုံးမှ*

၃။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦးဖြေဆိုအောင်မြင်ခဲ့ပြီး ယခုနှစ်နှင့်ပါဆိုလျှင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဖြေဆိုအောင်မြင်မှုမှာ ၁၀၀ ရာခိုင်နှုန်းဖြင့် ၅ နှစ်ဆက်တိုက် ဖြေဆိုအောင်မြင်မှုဖြစ်ပြီး မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ စုစုပေါင်း အကျဉ်းသား ၄၆ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၃ ဘာသာဂုဏ်ထူးရှင် ၅ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၆ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၆ ဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများနှင့် မသန်စွမ်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသော ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူ ၂ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ၃ ဦး၊ အမျိုးသမီး ကလေးများသင်တန်းကျောင်း (မန္တလေး)မှ ၁ ဦး၊ လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းမှ ၁ ဦး၊ မန္တလေး လူငယ်သင်တန်းကျောင်းမှ ၄ ဦးလည်း အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ပညာရေးကို မြှင့်တင်ရင်းနှီးမြှုပ်နှံခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်ကိုသာမက နိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မရှိမဖြစ်အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သောကြောင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူအားလုံးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များနှင့် မသန်စွမ်းကျောင်းများမှ မသန်စွမ်းသူများ ပညာသင်ယူခွင့် ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်

◆ *ကျောဖုံးမှ*

တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုတွင်း သုံးပွဲကစားထားရာ သုံးပွဲစလုံး ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ ခရိုအေးရှားနှင့် ဂါနာအသင်း ပွဲစဉ်တွင် ခရိုအေးရှားအသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

ကိုလံဘီယာနှင့် ပေါ်တူဂီအသင်းပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း ကိုလံဘီယာအသင်းက အုပ်စုပထမ၊ ပေါ်တူဂီအသင်းက အုပ်စုဒုတိယဖြင့် နှစ်သင်းစလုံး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ ကွန်ဂိုနှင့် ဥဇဘက်ကစ္စတန်အသင်းပွဲစဉ်တွင် ကွန်ဂိုအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရယူပြီး အကောင်းဆုံးအုပ်စုတတိယဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

အယ်ဂျီးရီးယားနှင့် ဩစတြီးယားအသင်းပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီသရေကျခဲ့သည်။ အဆိုပါသရေရလဒ်ကြောင့် ဩစတြီးယားအသင်းက အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ပြီး အယ်ဂျီးရီးယားအသင်းကလည်း အကောင်းဆုံး အုပ်စုတတိယဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ဂျော်ဒန်နှင့် အာဂျင်တီးနားအသင်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အုပ်စုပထမဖြင့် တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

*စာမျက်နှာ ၆ မှ*

- စီးပွားရေးလုပ်ငန်းစတင်နိုင်ရန် ပံ့ပိုးကူညီရေး၊
- ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးရေးအစီအစဉ်များတိုးချဲ့ဆောင်ရွက်ရေး၊
- လုံခြုံမှုနှင့်ဂုဏ်သိက္ခာကို အကာအကွယ်ပေးနိုင်သော လူမှုရေးပတ်ဝန်းကျင် တည်ဆောက်ရေး။

ဤမဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပါက အမျိုးသမီးများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်များကို ပိုမိုဖော်ထုတ်အသုံးချနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် စီးပွားရေးတိုးတက်မှု၊ နည်းပညာတိုးတက်မှုနှင့် အခြေခံအဆောက်အအုံများ၏ ခိုင်မာမှုတို့သာမက လူသားအရင်းအမြစ်များ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်တို့ကိုလည်း အဓိကထား၍ တိုင်းတာကြပါသည်။ ထိုလူသားအရင်းအမြစ်များအနက် အမျိုးသမီးများသည် မိသားစုတစ်စု၏ နှလုံးသား၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ အားအင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ မောင်းနှင်အားအဖြစ် ရပ်တည်လျက်ရှိကြပါသည်။ မိခင်တစ်ဦး၏ မေတ္တာ၊ ဆရာမတစ်ဦး၏ ပညာပေးစိတ်ဓာတ်၊ ကျန်းမာရေးဝန်ထမ်းတစ်ဦး၏ အနစ်နာခံမှု၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လူမှုဖွံ့ဖြိုးရေးခေါင်းဆောင်တစ်ဦး၏ တာဝန်ယူမှုတို့သည် လူ့အဖွဲ့အစည်းကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အားဖြည့်ပေးနေသည့် အဖိုးတန်စွမ်းအားများပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ(တွန်းဇံ)၌ ပြင်ပလူနာများအား ဆေးကုသပေးနေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က တီးတိန်-တွန်းဇံ လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းများအား ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊ လိုအပ်သည့်နေရာများတွင် Culvert များ တည်ဆောက်ရန်၊ မိုးရာသီတွင် ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြိုတင်စုဖွဲ့၍ အလေးထားကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တွန်းဇံမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကိုထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တွန်းဇံမြို့ရှိ Cyclone Shelter (သဘာဝဘေးဒဏ်ခိုလှုံသည့်နေရာ)အား ကြည့်ရှုပြီး ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ(တွန်းဇံ)၌ ဆေးရုံအုပ်(တာဝန်ခံ)၊ တပ်မတော်မှ ဆရာဝန်၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆေးရုံတွင် ပြင်ပလူနာများအား ဆေးကုသပေးနေမှုအခြေအနေနှင့် အတွင်းလူနာများအား လက်ခံကုသပေးရန် ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ကြေးနှင့် ကော်ဖီထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❁ *ကျောဖုံးမှ*

ကျင်းပရာ မြန်အောင်ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမိုးဇော်ဦးနှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမ ကောင်ရေ တစ်သိန်းတို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏ ။**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ပြည်သူ့စကားဝိုင်းကို ဇွန် ၂၆ ရက်က ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးခွန်ကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအမျိုးအစား၊ အိမ်နှင့်ပတ်ဝန်းကျင်အား ကြိုတင်ကာကွယ်မှု၊ မူးယစ်ဆေးဝါးကျဆင်းရေး သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေမှု၊ မူးယစ်အန္တရာယ်သတိပြုစရာနှင့် ရှောင်ရှားနိုင်သည့် နည်းလမ်းကောင်းများ၊ ဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်များအပေါ် ကာကွယ်ရန်နှင့် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်တို့ကို အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁-၁၂-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**



## မအူပင်မြို့၌ စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုများ ဆွေးနွေး

**မအူပင် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်း မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်တို့က လုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ငန်းလျာထားချက်များကို တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးအား ရှင်းလင်းတင်ပြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထောက်ပံ့ငွေပေးအပ်

**သနပ်ပင် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၆ ခုနှစ် (၁၀၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းကို ဇွန် ၂၆ ရက်က သနပ်ပင်မြို့ သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံမှိုစိုက်ပျိုးရန်နှင့် ဒေသကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုဥက္ကဋ္ဌတို့က စုပေါင်း၍ သနပ်ပင်မြို့နယ် မှိုစိုက်ပျိုးသည့် မျိုးမြန်မာရောင်းဝယ်ရေးလုပ်ငန်းမှ အသင်းသား ဦးမြတ်နိုင်အား ငွေကျပ် ၁၀ သိန်းနှင့် ဒေသကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော ဒိုင်းမွန်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ဦးမြင့်သိန်းတို့အား ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ကျိုက်ထို ဇွန် ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၁၇ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှအေးတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြစ်ကြီးနားတက္ကသိုလ်၌ ကျောင်းတွင်းသန့်ရှင်းရေးနှင့် အသိပညာပေးကာလ ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

**မြစ်ကြီးနား ဇွန် ၂၈**
ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်တွင် ကျောင်းပရိဝုဏ် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားစေရေးတို့ကို ရည်ရွယ်၍ ကျောင်းတွင်းသန့်ရှင်းရေးနှင့် ပညာပေးကာလ ရက်သတ္တပတ်လှုပ်ရှားမှုကို ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့ပြင် ကျောင်းသားလူငယ်များအတွက် အကျိုးရှိစေမည့် အသိပညာပေးအစီအစဉ်များကို ရက်အလိုက် ထည့်သွင်းကျင်းပခဲ့ရာ ဇွန် ၂၄ ရက်တွင် ပြည်နယ်နှင့် ခရိုင်ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ အွန်လိုင်းဂိမ်းများမှတစ်ဆင့် ဖြစ်ပွားတတ်သည့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ ဟောပြောပွဲကိုလည်းကောင်း၊ ဇွန် ၂၅ ရက်တွင် ICT Day အထိမ်းအမှတ်အဖြစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအကြား အပြန်အလှန် စကားဝိုင်းဆွေးနွေးပွဲကိုလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အီးစီးကရက်နှင့် Vape သုံးစွဲခြင်း၏ဆိုးကျိုးများဆိုင်ရာ ကျန်းမာရေးဟောပြောပွဲအပြင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ငါးသားဖောက် ပညာပေးသင်တန်းများကိုလည်းကောင်း ကျင်းပခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ ပြင်ပဗဟုသုတများနှင့် အသိပညာရပ်များကို သိရှိနားလည် ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**





## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ငါးများဈေးနှုန်းချိုသာစွာရောင်းချ

**လက်ပံတန်း ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ (၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုသမဝါယမအသင်းလီမိတက်မှ အများပြည်သူ ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရေးအတွက် လတ်ဆတ်သောငါးများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ကျင်းပ



**ကျောက်တန်း ဇွန် ၂၈**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးငြိမ်းသူက သင်တန်းပို့ချရခြင်းကို ရှင်းလင်းပြောကြားသည်။

**သန့်ဇင်ထွန်း**




## ပုသိမ်ကြီးမြို့နယ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**မန္တလေး ဇွန် ၂၈**
မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၆ ရက်က ပုသိမ်ကြီးမြို့နယ် သရက်တပင်ဆိပ်အနီး ကျင်းပရာ အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်နှင့် အဖွဲ့ဝင်များ၊ သရက်ကုန်းငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် နတ်ရေကန်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ငါးလုပ်ငန်းစခန်းများမှ ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်း ၃ ဒသမ ၈ သိန်း၊ ငါးခုံးမကြီး တစ်သိန်း၊ ရွှေဝါငါးကြင်း ၁ ဒသမ ၇ သိန်း၊ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၆ ဒသမ ၅ သိန်းအား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ်၌ တောင်သူများအား သွင်းအားစု ဓာတ်မြေသြဇာပေးအပ်

**ဖျာပုံ ဇွန် ၂၈**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ တောင်သူများအား သွင်းအားစု ဓာတ်မြေသြဇာပေးအပ်ပွဲနှင့် စာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မိုးစပါးအချိန်မီ သွင်းအားစုဓာတ်မြေသြဇာများရရှိရေး ဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများ၏လက်ဝယ်သို့ သွင်းအားစု ဓာတ်မြေသြဇာများပေးအပ်ကြပြီး မြို့နယ်အတွင်းရှိ ဝယ်ကြိတ်အစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ တောင်သူအစုအဖွဲ့များ သုံးဦးသုံးဖလှယ် စာချုပ်ချုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ကမာရွတ်ခရိုင်၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၈**
ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ကမာရွတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်များက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သော နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်း လုပ်ငန်းလွှဲပြောင်းပေးအပ်

**ဘီးလင်း ဇွန် ၂၈**
မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းဖြစ် ဆောင်ရွက်ပြီးစီးခဲ့သည့် ညောင်ပုလ္လင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းခြံစည်းရိုးအမြင့် ပြန်လည်မြှင့်တင်ခြင်းလုပ်ငန်း လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဘုန်းမြတ်**

## ကော့ကရိတ်မြို့၌ မိုးစပါးစိုက်တောင်သူများအား မျိုးစပါးများနှင့်မျိုးစေ့ချကိရိယာများ ထောက်ပံ့

**ကော့ကရိတ် ဇွန် ၂၈**
ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကော့ကရိတ်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ဒေသခံတောင်သူလယ်သမားများအား မျိုးစပါးများနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်သမဝါယမဂိုဒေါင်၌ ပြုလုပ်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မျိုးစေ့ချကိရိယာကို လက်တွေ့သရုပ်ပြသကာ ကော့ကရိတ်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူ ၅၀ တို့အတွက် မျိုးစပါး အိတ်၂၅၀ နှင့် မျိုးစေ့ချကိရိယာ ၃၀ တို့အား တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အောင်ပန်း မြို့မသမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ကလော ဇွန် ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်း မြို့မအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၆ ရက်က အောင်ပန်း မြို့မသမဝါယမအသင်းခန်းမ၌ ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဦးအောင်စိန်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အသင်း၏လုပ်ဆောင်ချက်များ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို အသင်းတာဝန်ရှိသူများက ဖတ်ကြားတင်ပြကြပြီး အသင်းသားများက လက်ခံ၍ သဘာပတိက အတည်ပြုခဲ့သည်။

**ကျော်ဝင်း(ကလော)**



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့်ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ပေးအပ်ပွဲကို ဇွန် ၂၄ ရက်က အထက(၂) ဘိုးရာဇာခန်းမ၌ပြုလုပ်ရာ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ရရှိသော ကျောင်းသားတစ်ဦးအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က ပေးအပ်စဉ်။

သန်းဝင်း(သန်လျင်)

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၀)

# စားရေရိက္ခာဘေးကင်းလုံခြုံရေးအတွက် တက္ကသိုလ်များမှ အသုံးချသုတေသနများ

*ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)*

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းမှာ စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို အမိနိုင်ငံအတွက် အုပ်တစ်ချပ်၊ သဲတစ်ပွင့် ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လက်တွေ့အသုံးချသုတေသန (Applied Research in Agriculture) ဆိုသည်မှာ လက်တွေ့ဘဝတွင် စိုက်ပျိုးသူတောင်သူလယ်သမားများ ကြုံတွေ့ရသော ပြဿနာများကို ဖြေရှင်းရန် ရည်ရွယ်၍ ဆောင်ရွက်သော သုတေသနများဖြစ်ပါသည်။

အခြေခံသုတေသနသည် အသိပညာအသစ်များ ရှာဖွေဖော်ထုတ်ရန် အဓိကရည်ရွယ်သော်လည်း အသုံးချသုတေသနသည် တောင်သူ လယ်သမားများ၊ စက်မှုလုပ်ငန်းများ၊ အစိုးရများနှင့် လူမှုအသိုင်းအဝိုင်းများ လက်တွေ့အသုံးပြုနိုင်မည့် နည်းပညာများ၊ ထုတ်ကုန်များ၊ စနစ်များနှင့်ဖြေရှင်းနည်းများကို ဖော်ထုတ်ပေးရန် ရည်ရွယ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် အသုံးချသုတေသနသည် ဥပမာ - သီးနှံအထွက်နှုန်းတိုးမြှင့်ထွက်လာခြင်း၊ မြေဆီလွှာအရည်အသွေးကောင်းမွန်လာခြင်း၊ ရေသုံးစွဲမှုထိရောက်စေခြင်း၊ ပိုးမွှားနှင့် အပင်ရောဂါထိန်းချုပ်ခြင်း၊ စားရေရိက္ခာထုတ်လုပ်မှုနှင့် ပြုပြင်ထုတ်လုပ်မှုများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

**(က) စိုက်ပျိုးမွေးမြူရေးပညာသင် ကမ္ဘာ့တက္ကသိုလ်များတွင် အသုံးချသုတေသန၏ အခန်းကဏ္ဍ**

ကမ္ဘာ့ထိပ်တန်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများသည် လယ်ယာကဏ္ဍတွင်ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းနိုင်ရန် အသုံးချသုတေသနများကို ဆောင်ရွက်လျက်ရှိကြပါသည်။

**(က-၁) အထွက်နှုန်းမြင့် သီးနှံမျိုးများ ဖန်တီးထုတ်လုပ်ခြင်း**

တက္ကသိုလ်များမှ သုတေသီများက အထွက်နှုန်းမြင့်သောမျိုးများ၊ ရောဂါခံနိုင်ရည်ရှိသောမျိုးများ၊ ပိုးမွှားဒဏ်ခံနိုင်သောမျိုးများ၊ မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် ဆားငန်ဒဏ်ခံနိုင်သောမျိုးများ စဉ်ဆက်မပြတ်ထုတ်လုပ်၍ ဖွံ့ဖြိုးတိုးတက်စေကြသည်။ ဥပမာ - ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန (International Rice Research Institute - IRRI)နှင့် ကမ္ဘာ့တက္ကသိုလ်များနှင့် ပူးတွဲပြုလုပ်သော ဆန်စပါးသုတေသနများကြောင့် အာရှနှင့် အာဖရိကနိုင်ငံများတွင် စပါးအထွက်ကောင်းမျိုးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်လာခဲ့ပါသည်။

IRRI နှင့်အနီးဆုံး လော့စ်ဘားညိုစ့် ဖိလစ်ပိုင်



တက္ကသိုလ် (UPLB_University of Philippines Los Banos) နှင့် စိုက်ပျိုးရေးသုတေသနဆိုင်ရာဂျီနိုမ်းဌာန(Agricultural Research Genome Depart- ment) ပူးတွဲတည်ထောင်၍ လည်းကောင်း၊ ထိုင်းနိုင်ငံ ကက်ဆက်ဆတ်တက္ကသိုလ် (Kasetsart University, Thailand)နှင့် ရာသီဥတုဒဏ်ခံ စပါးထုတ်လုပ်ခြင်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ် (Nagoya University, Japan)နှင့် စပါးစိုက်ပျိုးမှုနောက်ဆုံးပေါ်နည်းပညာ (State of the Art in Research)များ သုတေသနကိုလည်းကောင်း၊ တရုတ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (China Agricultural University) နှင့် ခေတ်မီစပါးသုတေသနနှင့် သင်တန်းများ (Modern Rice Research and Training)ကို ပူးတွဲဖော်ဆောင်၍လည်းကောင်း၊ အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များနှင့် တောင်အာရှ ဆန်စပါးသုတေသနရုံးခွဲ (ISARC-IRRI South Asia Regional Center) သီးသန့်ဖွင့်လှစ်၍လည်းကောင်း၊ အခြားနိုင်ငံတက္ကသိုလ်များနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ် အပင်မျိုးမွေးမြူရေးသုတေသန (Plant Breeding Inst- itute, Sydney University) ၌ သူတို့နိုင်ငံအတွက် ဂျုံမွေးမြူရေး (Wheat Breeding)၊ အထူးသဖြင့် ဂျုံသံချေးရောဂါခံနိုင်မှုသုတေသန (Rust Disease- resistant Research) ကို နှစ် ၁၀၀ ကျော်အထိ တစိုက်မတ်မတ် သုတေသနပြုလျက်ရှိပါသည်။

**(က-၂)မြေဆီလွှာနှင့် အာဟာရစီမံခန့်ခွဲမှု တိုးတက်စေခြင်း**

အသုံးချသုတေသနများက ဓာတ်မြေဩဇာ အသုံးပြုမှုကို ထိရောက်စေခြင်း၊ ဇီဝမြေဩဇာများ ဖွံ့ဖြိုးစေခြင်း၊ အော်ဂဲနစ်ဓာတ်များ အသုံးပြုမှုတိုးမြှင့်ခြင်း၊ မြေဆီလွှာကျန်းမာရေး ကောင်းမွန်စေခြင်းတို့ကို အထောက်အကူပြုသည်။ ဥပမာအားဖြင့် အကွက်လိုက် အာဟာရဓာတ်စီမံခန့်ခွဲမှုစနစ်များကို တက္ကသိုလ်များက ပံ့ပိုးပေးခဲ့ကြပြီး ဓာတ်မြေဩဇာ အသုံးစရိတ်လျှော့ချနိုင်ခဲ့သည်။

**(က-၃) ရေစီမံခန့်ခွဲမှု တိုးတက်စေခြင်း**

သုတေသနများမှ အစက်ချရေပေးစနစ်၊ တိကျသော ရေပေးသွင်းစနစ်၊ မိုးရေသိုလှောင်နည်းစနစ်၊ ရေ




ချွေတာနည်းပညာများကို ဖွံ့ဖြိုးစေခဲ့ပါသည်။

ယနေ့ကမ္ဘာပေါ်၌ ရေရှားပါးမှုပြဿနာ ပိုမိုကြီးမားလာသဖြင့် ဤသုတေသနများသည် အလွန်အရေးကြီးလာပါသည်။

**(က-၄) ပိုးမွှားနှင့် ရောဂါစီမံခန့်ခွဲမှု**

ဤအသုံးချသုတေသနသည် ဘက်စုံပိုးမွှားကာကွယ်မှုစနစ်၊ ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ အပင်ရောဂါ ကြိုတင်ခန့်မှန်းနည်းစနစ်များ၊ ပိုးသတ်ဆေးအသုံးပြုမှု လျှော့ချခြင်း နည်းစနစ်တို့ကို တိုးတက်စေခဲ့သည်။ ထို့ကြောင့် ကုန်ကျစရိတ်လျော့နည်းပြီး ပတ်ဝန်းကျင်ထိခိုက်မှုလည်း လျော့နည်းလာသည်။

**(က-၅) လယ်ယာစက်မှုနှင့် နည်းပညာ ဖွံ့ဖြိုးရေး**

တက္ကသိုလ်များသည် လယ်ယာသုံးစက်ကိရိယာများ၊ တိကျစိုက်ပျိုးရေး၊ ဒရုန်းနည်းပညာ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို သုတေသနပြု ဖွံ့ဖြိုးစေကြပါသည်။

**(ခ) ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ၏ ဥပမာများ**

(ခ-၁) ဗာဂန်နီကန်တက္ကသိုလ်နှင့် သုတေသန၊ နယ်သာလန်(Wageningen Univer- sity & Research, The Netherlands) ကမ္ဘာ့အဆင့် စိုက်ပျိုးရေးသုတေသနတက္ကသိုလ်တစ်ခုဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေသောသုတေသန၊ တိကျစိုက်ပျိုးနည်းစနစ်များ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော သုတေသန၊ အစားအစာစနစ် သုတေသနများတွင် ထင်ရှားပါသည်။

(ခ-၂) **ကယ်လီဖိုးနီးယားတက္ကသိုလ် ဒေးဗစ်နယ်မြေ အမေရိကန်**

ထင်ရှားသော သုတေသနနယ်ပယ်များမှာ အပင်မျိုးမွေးမြူရေး၊ ရေသွင်းနည်းပညာများ၊ ပိုးမွှားစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာတို့ ဖြစ်ပါသည်။

**(ဂ) စားရေရိက္ခာဖူလုံရေးနှင့်ဘေးကင်းလုံခြုံရေးတို့သည် ဘာကြောင့်အရေးကြီးသလဲ**

စားရေရိက္ခာဖူလုံရေးဆိုသည်မှာ လူတိုင်းသည် အချိန်မရွေးလုံလောက်သော၊ အာဟာရပြည့်ဝသော၊ ဘေးကင်းသော စားရေရိက္ခာများကို ရရှိနိုင်သော အခြေအနေကို ဆိုလိုပါသည်။

**အသုံးချသုတေသနများသည် အစားအစာလုံခြုံရေးအတွက် အောက်ပါအတိုင်း အရေးပါလာပါသည် -**

(ဂ-၁) **စားရေရိက္ခာထုတ်လုပ်မှု တိုးမြှင့်ပေးသည်။** သီးနှံအထွက်နှုန်း မြင့်တက်စေသည်။ မွေးမြူရေးထုတ်လုပ်မှု တိုးတက်စေသည်။ ထုတ်လုပ်မှု ဆုံးရှုံးမှုလျှော့ချပေးသည်။

(ဂ-၂) **ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည်။** ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ပိုးမွှားနှင့်ရောဂါအသစ်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။ အသုံးချသုတေသနများက ထိုဖြစ်စဉ်များ ခံနိုင်ရည်ရှိသော နည်းပညာများအား ဖွံ့ဖြိုးပေးပြီး လယ်သမားများအား ကူညီပေးသည်။

(ဂ-၃) **ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများ လျှော့ချပေးသည်။** သုတေသနများမှ သိုလှောင်နည်းစနစ်များ၊ အစားအစာထိန်းသိမ်းနည်းများ၊ သယ်ယူပို့ဆောင်ရေး နည်းပညာများ တိုးတက်လာပြီး စားရေရိက္ခာဆုံးရှုံးမှုများ လျော့နည်းလာသည်။

(ဂ-၄) **ထွက်ရှိလာသော အသီးအနှံများ၏ အာဟာရတန်ဖိုး မြှင့်တင်ပေးသည်။** ဥပမာ - ဗီတာမင်-အေ ကြွယ်ဝသော ကန်စွန်းဥ၊ သွပ်ဓာတ်(Zinc) ကြွယ်ဝသော စပါး၊ သံဓာတ်(Iron) ကြွယ်ဝသော ပဲမျိုးများကို ဖွံ့ဖြိုးပေးနိုင်ခဲ့သည်။

(ဂ-၅) **ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို အထောက်အကူပြုသည်။** မြေဆီလွှာထိန်းသိမ်းရေး၊ ရေသုံးစွဲမှုထိရောက်ရေး၊ ဓာတုပစ္စည်းအသုံးပြုမှု လျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးတို့ကို အားပေးသည်။

(ဂ-၆) **တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းပညာများ တိုးတက်စေသည်။** သူတို့၏ ဝင်ငွေတိုးလာသည်။ ဆင်းရဲနွမ်းပါးမှု လျော့နည်းလာသည်။ စားရေရိက္ခာ ဝယ်ယူနိုင်စွမ်း တိုးလာသည်။ စီးပွားရေးနှင့် ရာသီဥတုဆိုင်ရာ အန္တရာယ်များကို ပိုမိုခံနိုင်ရည် ရှိလာသည်။

**စာရေးသူ၏အတွေး**

တက္ကသိုလ်နှင့် သုတေသနသည် ခွဲခြား၍မရနိုင်ကြောင်းကို နယ်သာလန်တက္ကသိုလ်နှင့် သုတေသနပူးတွဲစနစ်(WUR)၊ ဖိလစ်ပိုင်တက္ကသိုလ်နှင့် ဆန်စပါးသုတေသနဌာနပူးတွဲစနစ် (IRRI & UPLB) များ အောင်မြင်ကျော်ကြားနေမှုက သက်သေပြနေပါသည်။

နေပြည်တော်ရေဆင်းနယ်မြေ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောတက္ကသိုလ်သုံးခုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောသုတေသနဌာနကြီးသုံးခုသည် လက်တစ်ကမ်းအကွာ၊ လမ်းလျှောက်၍သွားလို့ရသည်အထိ နီးကပ်စွာ တည်ရှိနေပါသည်။ **သိပ္ပံမြို့တော် နယ်မြေကြီး (Science City Park)** သဖွယ်ဖြစ်နေပါသည်။ ယခုပူးတွဲလုပ်နေသည့် သုတေသနများထက်ပို၍ **နိုင်ငံတကာတက္ကသိုလ်၊ သုတေသနဌာနများပုံစံ** လူ့စွမ်းအားအရင်းအမြစ်များကို ၆ - ဌာနစလုံး ပေါင်းစည်းပြီး နှစ်ဖက်လုံးရှိ သိပ္ပံပညာရှင်များက ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားရေး၊ သုတေသနများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ ကြီးကြပ်ရေးကို ပိုမိုဆောင်ရွက်နိုင်ခြင်းဖြင့် အမိနိုင်ငံအတွက် ပိုများအကျိုးရှိလာမလားဟု စာရေးသူတွေးနေမိပါသည်။ ။

**“ အသုံးချသုတေသနများက ဓာတ်မြေဩဇာအသုံးပြုမှုကို ထိရောက်စေခြင်း၊ ဇီဝမြေဩဇာများ ဖွံ့ဖြိုးစေခြင်း၊ အော်ဂဲနစ်ဓာတ်များ အသုံးပြုမှုတိုးမြှင့်ခြင်း၊ မြေဆီလွှာကျန်းမာရေးကောင်းမွန်စေခြင်းတို့ကို အထောက်အကူပြုသည်။ ဥပမာအားဖြင့် အကွက်လိုက် အာဟာရဓာတ်စီမံခန့်ခွဲမှုစနစ်များကို တက္ကသိုလ်များက ပံ့ပိုးပေးခဲ့ကြပြီး ဓာတ်မြေဩဇာ အသုံးစရိတ်လျှော့ချနိုင် ”**

# တစ်ပတ်တာ ဖတ်စရာ

## မြန်မာ့အရေး နှင့် ကမ္ဘာ့အရေး

**ဇွန် ၂၀ ရက်**

### ဆီသယ်ယာဉ်များ GPS ဖြင့် ကြပ်မတ်စောင့်ကြည့်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆီသယ်ယာဉ် ၅၁၀၆ စီးကို GPS စနစ် တပ်ဆင်၍ Online Monitoring Center မှ AI စောင့်ကြည့်စနစ်စတင်နေပြီဖြစ်ရာ သတ်မှတ်လမ်းကြောင်းမှ သွေဖည်မှုနှင့် သံသယဖြစ်ဖွယ်ရပ်တန့်မှုစသည့် မလိုက်နာသည့်ယာဉ်များအား ဖော်ထုတ်အရေးယူလျက်ရှိသည်။

### ရေနံချောင်းနှင့် နတ်မောက်တွင် အကြမ်းဖက်စခန်းနှစ်ခုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းနေရာနှစ်ခုနှင့် လက်လုပ်ဗုံးသီး ၁၁၇ လုံးအပါအဝင် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

### ရန်ပုံငွေလျှော့ချမှုက HIV တိုက်ဖျက်ရေး ထိခိုက်နိုင်ဟု WHO သတိပေး

WHO ၏အနောက်ပစိဖိတ်ဒေသရုံးအဆိုအရ အာရှပစိဖိတ်ဒေသတွင် HIV ကူးစက်ခံရသူ ခုနစ်သန်းခန့်ရှိပြီး နှစ်စဉ်ကူးစက်မှု ၂၈၀၀၀၀ ခန့်၊ AIDS သေဆုံးမှု ၁၂၀၀၀၀ ခန့်ရှိရာ ရန်ပုံငွေလျှော့ချမည်ဆိုပါက တိုက်ဖျက်ရေးလုပ်ငန်းများ အားနည်းနိုင်ကြောင်း သတိပေးထားသည်။

**ဇွန် ၂၂ ရက်**

### နိုင်ငံတော်သမ္မတနှင့် BIMSTEC အတွင်းရေးမှူးချုပ် တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ BIMSTEC အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဇွန် ၂၂ ရက်က နေပြည်တော်တွင် လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံသည် BIMSTEC အဖွဲ့တွင် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်တွင် အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူမည်ဖြစ်သည်။

### ဒလတံတား ဖြတ်သန်းသွားလာချိန်တိုးမြှင့်

ရန်ကုန်–ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ) ဖြတ်သန်းသွားလာချိန်ကို မူလ ည ၁၀ နာရီမှ ည ၁၂ နာရီအထိ တိုးမြှင့်ခွင့်ပြုလိုက်ရာ ဒလ၊ တွံတေးမြို့နယ်နှင့် အနီးနားဒေသများမှ ပြည်သူများ၏ သွားလာရေး အခက်အခဲများ လျော့နည်းသွားမည်ဖြစ်သည်။

**ဇွန် ၂၃ ရက်**

### အလုပ်လုပ်နိုင်စွမ်းနှင့် လုပ်ချင်စိတ်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတပြောကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၂၃ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ရာ မြန်မာနိုင်ငံတွင် သယံဇာတနှင့်အရင်းအမြစ်များရှိသော်လည်း အလုပ်လုပ်နိုင်စွမ်းနှင့် အလုပ်လုပ်ချင်စိတ်လိုအပ်ကြောင်းနှင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ရန်မှာကြားခဲ့သည်။

### ရန်ကုန်မြို့ရှိ အဆောက်အအုံများ ဘေးအန္တရာယ်စစ်ဆေးမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စာသင်ကျောင်း၊ ဆေးရုံနှင့် ရုံးများကို ငလျင်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုအဆင့်ခွဲခြားစစ်ဆေးမှုကို YCDC နှင့် အင်ဂျင်နီယာ အဖွဲ့အစည်းများက ပူးပေါင်း၍ ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်သည်။

**ဇွန် ၂၄ ရက်**

### ရန်ကုန်–မော်လမြိုင် DEMU ရထားပြေးဆွဲမည်

မြန်မာ့မီးရထားက ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၃) အဆန်နှင့် (၈၄)အစုန် DEMU အမြန်ရထားများကို ဇူလိုင် ၁ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ရထားပေါ်တွင် ခရီးသည် ၃၁၂ ဦး စီးနင်းနိုင်ပြီး ကြာချိန် ၆ နာရီရှိမည်ဖြစ်ကြောင်း သိရသည်။

### ရန်ကုန်မြို့လမ်းမများပေါ်ရှိ နေရာဦး အတားအဆီးများ ဖယ်ရှားအရေးယူမည်

ရန်ကုန်မြို့တော်အတွင်း လမ်းမများနှင့် ယာဉ်ရပ်နားရာနေရာများတွင် အတားအဆီးများ ချထားသူများကို ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး လက်ရှိတွင် အတားအဆီးများ ဖယ်ရှားရှင်းလင်းလျက်ရှိရာ မလိုက်နာသူများကို ခြွင်းချက်မရှိ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ပြောကြားလိုက်သည်။

**ဇွန် ၂၅ ရက်**

### MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတတက်ရောက်၍ နိုင်ငံ့စီးပွားရေးတွင် MSME ကဏ္ဍ၏ အရေးပါမှုကို အလေးထားဆွေးနွေးခဲ့သည်။ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် သွင်းကုန်လျှော့ချရေးကို အဓိကထား ဆွေးနွေးခဲ့သည်။

### ရွှေကုက္ကိုလ်ရှိ တရားမဝင်အဆောက်အအုံများ ထပ်မံဖြိုချ

ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားလုပ်ငန်းနှင့် ဆက်စပ်သည့် တရားမဝင်အဆောက်အအုံများကို ထပ်မံဖြိုချဖျက်ဆီးခဲ့သည်။ ယနေ့အထိ အဆောက်အအုံ ၆၄ လုံးကို ဖျက်ဆီးပြီးဖြစ်သည်။

### မိုးကောင်းတွင် မြစ်ရေမြင့်တက်၍ ရေဘေးသတိပေး

မိုးကောင်းမြို့နယ်အတွင်း ချောင်းရေများမြင့်တက်နေပြီး စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေသည်။ ကမ်းနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများကို ရေဘေးလွတ်ရာသို့ ရှောင်ရှားရန် သတိပေးထားသည်။

**ဇွန် ၂၆ ရက်**

### စားရေရိက္ခာဖူလုံရေးဆိုင်ရာ ပြည်ထောင်စုအဆင့်စည်းဝေး

နေပြည်တော်တွင် စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေး ကျင်းပရာ နိုင်ငံတော်သမ္မတ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးကို အဓိကထားဆွေးနွေးခဲ့ကြပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့သည်။

### နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးကို ဇွန် ၂၆ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး လုပ်ငန်းများကို အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။

### အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့်ပတ်သက်သည့် အဆို လွှတ်တော်တွင် ဆွေးနွေး

ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အာဆီယံ ထုတ်ပြန်ချက် ငါးရပ်နှင့်ပတ်သက်သည့် အဆိုတစ်ရပ်ကို တင်သွင်းခဲ့ရာ ယင်းအဆိုတွင် အာဆီယံ၏ ထုတ်ပြန်ချက် ငါးရပ်သည်အဖွဲ့၏ အခြေခံမူများနှင့် မကိုက်ညီသကဲ့သို့ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်လည်း မသင့်လျော်ကြောင်း ထောက်ပြထားသည်။ အဆိုရှင်က အဆိုပါအချက်များကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းခဲ့ပြီး ယင်းအဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနားများ ကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို တစ်နိုင်ငံလုံးတွင် ကျင်းပရာ တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တာ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမျိုးအစား ၁၀၀ ကျော်၊ တန်ဖိုးကျပ်ဘီလီယံထောင်ချီရှိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို တစ်ပြိုင်တည်း မီးရှို့၊ မြေမြှုပ်ဖျက်ဆီးနိုင်ခဲ့သည်။

**ဇွန် ၂၇ ရက်**

### ကမ္ဘာ့ MSME နေ့အထိမ်းအမှတ် ထူးချွန်လုပ်ငန်းရှင်များကို ဂုဏ်ပြု

ကမ္ဘာ့ MSME နေ့ အခမ်းအနားကို ဇွန် ၂၇ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတက MSME ကဏ္ဍ၏ အရေးပါမှုကို အမှာစကားအတွင်း ထည့်သွင်းပြောကြားပြီး ထူးချွန်လုပ်ငန်းရှင်များအား ဆုများ ချီးမြှင့်ခြင်း၊ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှု၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားတွင် MSME ပြခန်း ၁၄၉ ခန်း ခင်းကျင်းပြသထားသည်။

### မြန်မာ Esports အသင်း အာရှအားကစားပွဲတော်ဝင်ခွင့်ရ

မြန်မာလက်ရွေးစင် Esports (Team Zanaka) အသင်း 20th Asian Games Aichi–Nagoya 2026 ခြေစစ်ပွဲတွင် ကစားနည်း ငါးမျိုးစလုံးဖြင့် အနိုင်ရကာ အာရှအားကစားပွဲတော်သို့ ဝင်ခွင့်ရရှိခဲ့သည်။ အာရှအားကစားပွဲတော်ကို ဂျပန်နိုင်ငံတွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဆုတံဆိပ် (၃၃) ခုဖြင့် ပေးအပ်ကျင်းပမည်ဖြစ်သည်။

■

## ဘားအံမြို့၌ မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဘားအံ ဇွန် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့၌ မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးဝင်းက အမှာစကား ပြောကြားပြီး ပြည်နယ်ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းက မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ပြည်နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌက ဂီတအစည်းအရုံးလှုပ်ရှားမှုဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ်ဟောင်းကာလပေါ်၊ ခေတ်ပေါ်စတူဒီယိုတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇင်လေး(ပြန်/ဆက်)**

## လွိုင်လင်မြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ သင်တန်းဆင်း

**လွိုင်လင် ဇွန် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင် မူလတန်းကြိုကျောင်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (ECCD)အခြေခံ သင်တန်းဆင်းပွဲကျင်းပရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေဦးက အမှာစကား ပြောကြားပြီး သင်တန်းသား ၄၆ ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

**အယ်မင်း (လွိုင်လင်)**

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး။



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Interrogative Pronouns (အမေးနာမ်စား) နဲ့ Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား)အကြောင်း ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း Shortest way to talk about health and lifestyle-1 (ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး ဘယ်လိုပြောမလဲ)ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Who or Whom**

Whom ကိုပုံမှန်အားဖြင့် object ကို မေးလိုသောအခါသုံးသည်။ Whom ၏ရှေ့တွင် preposition ကိုသုံးလျှင် formal ပိုဖြစ်သည်။ သို့သော် စကားပြောတွင် မသုံးပါ။

ဥပမာ-

- Whom did you give the book to? (formal)
- To whom did you give the book? (very formal)
- Who did you give the book to? (less formal)

**What or Which**

ဖြစ်နိုင်ခြေရှိသော အဖြေများ၏ ယေဘုယျအပိုင်းအခြား သို့မဟုတ် သတ်မှတ်ချက်အတွင်း တိကျသော အချက်အလက်များကို မေးလိုသောအခါ what ကိုသုံးသည်။

ဥပမာ-

- What's the tallest building in the world?
- What did you say? I couldn't hear you.
- What's your address?

Which ကို ဖြစ်နိုင်ခြေရှိသော အဖြေများ၏ ကန့်သတ်ထားသော အပိုင်းအခြား သို့မဟုတ် သတ်မှတ်ချက်အတွင်း တိကျသောအချက်အလက်ကို မေးလိုသည့်အခါတွင် သုံးသည်။

ဥပမာ-

- A: Which is your address?
  B: This one here.
- Which hand do you write with?
- Which airport do we leave from, Heathrow or Gatwick?

**Exercise (1) Insert correct pronouns in the following sentences.**

1. ………… of the five girls received two flowers?
2. ………… of these calendars do you like?
3. ………… is this time?
4. I lost my pen. Did ………… see my pencil?
5. ………… do you want to blame?
6. ………… would you choose, the blue or the red?
7. To ………… did you give the letter?
8. With ………… are you going to play checkers?
9. ………… is better, honour or riches?
10. ………… do you expect to see in the zoo?
11. ………… are they doing at school?
12. I have six pups. You can take ………… you like.

**Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား)**

Each other နှင့် One another တို့သည် Reciprocal Pronoun (အပြန်အလှန် သုံးသောနာမ်စား)များ ဖြစ်ကြသည်။ ၎င်းတို့သည် လုပ်ဆောင်ချက်တစ်ခုတွင် အတူတကွပါဝင်သော လူနှစ်ဦး သို့မဟုတ် လူတစ်စုကို ရည်ညွှန်းသည်။

**Each other အသုံးပြုပုံ**

လုပ်ဆောင်ချက်တစ်ခုတွင် အတူပါဝင်သော လူနှစ်ဦးကို ရည်ညွှန်းလိုသည့်အခါ each other ကို သုံးသည်။

ဥပမာ-

- They are talking to each other.

**One another အသုံးပြုပုံ**

လုပ်ဆောင်ချက်တစ်ခုတွင် အတူပါဝင်သော လူတစ်စုကို ရည်ညွှန်းလိုသည့်အခါ one another ကိုသုံးသည်။

ဥပမာ-

- They are talking to one another.

## VOCABULARY ENRICHMENT PROGRAMME

1. **little bird told me = (ဘယ်သူပြောမှန်းမသိဘဲ သတင်းရရှိခြင်း)**
   **A little bird told me it's your birthday.**
   **(ဒီနေ့မင်းရဲ့ မွေးနေ့ဆိုတာ ငါသိနေတယ်။)**
2. **a pain in the neck = (စိတ်ရှုပ်စရာကောင်းသူ၊ အရာ)**
   **Filling out these forms is a pain in the neck.**
   **(ဒီပုံစံတွေဖြည့်ရတာ စိတ်ရှုပ်စရာကောင်းတယ်။)**
3. **a sight for sore eyes = (တွေ့ရတာ ဝမ်းသာစရာကောင်းတယ်။)**
   **You are a sight for sore eyes.**
   **(မင်းကိုတွေ့ရတာ ဝမ်းသာစရာကောင်းတယ်။)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about health and lifestyle-1 (ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ ပတ်သက်ပြီး ဘယ်လိုပြောမလဲ)

*start working out …*

*I'm (incredibly) out of shape*

*… more and more sedentary …*

*I'm getting a bit flabby*

Health and lifestyle အကြောင်း မဖော်ပြခင် ဒီမေးခွန်းလေးတွေကို အရင်စဉ်းစားကြည့်ရအောင်။

- Do you work out?
  (လေ့ကျင့်ခန်းလုပ်လား)
- What do you do?
  (ဘာလေ့ကျင့်ခန်းလုပ်လဲ)
- What can you do to avoid being sedentary if you have an office job?
  (ရုံးလုပ်ငန်းရှိလို့ အထိုင်များတာကို ရှောင်ချင်ရင် ဘာလုပ်မလဲ)
- What's the best exercise for someone who's out of shape?
  (ပုံမကျပန်းမကျတဲ့ သူတွေအတွက် အကောင်းဆုံး လေ့ကျင့်ခန်းကဘာလဲ)

၁။ တစ်ခုခု စတင်လုပ်တယ်လို့ပြောချင်ရင် **start** ရဲ့နောက်မှာ **-ing (Gerund)** လိုက်ပြီး ပြောနိုင်ပါတယ်။ ဒီနေရာမှာတော့ ကိုယ်ကာယလေ့ကျင့်ခန်း တစ်ခုခုစလုပ်တာကို start working out နဲ့ ဖော်ပြပေးထားပါတယ်။ ဥပမာ-

- I started working.
- It started raining.
- I've decided to start working out.

၂။ ဒီနေရာမှာ out of shape ဆိုတာကတော့ ပုံပျက်ပန်းပျက်ဖြစ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒီနေရာမှာ incredibly နဲ့ပါ တွဲသုံးထားတဲ့အတွက် မယုံနိုင်လောက်အောင် ပုံပျက်ပန်းပျက်ဖြစ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒီလိုမျိုး အပြောမျိုး ကိုယ့်ကိုယ်ကိုယ်ပြောတဲ့အခါမှာ သုံးနိုင်ပြီး သူများကို ပြောရင်တော့ နည်းနည်းမယဉ်ကျေးရာ ကျပါတယ်။ ဥပမာ-

- I'm incredibly out of shape.

၃။ … more and more sedentary …ဆိုတာကတော့ ပိုပိုပြီးအထိုင်များလာတယ်လို့ ပြောချင်တာဖြစ်ပါတယ်။ ဘာလေ့ကျင့်ခန်းမှမလုပ်ဘဲ နေတဲ့ ဘဝနေထိုင်မှုကို ဆိုလိုချင်တာဖြစ်ပါတယ်။ ဥပမာ-

- I think my lifestyle has got more and more sedentary.

၄။ ဒီနေရာမှာ I'm getting a bit flabby ဆိုတာကတော့ တဖြည်းဖြည်းနဲ့ အနည်းငယ်ပျော့တွဲလာတယ်လို့ ပြောချင်တာဖြစ်ပါတယ်။ ပုံမှန်လေ့ကျင့်ခန်းတစ်ခုခုမလုပ်တဲ့သူဟာ ကြာလာရင် တဖြည်းဖြည်းနဲ့ ပျော့တွဲလာတဲ့သဘော ပြောချင်ရင်တော့ I'm getting a bit flabby ဆိုပြီး ပြောလိုက်ပါ။

**ဘာသာစကားရှုထောင့်**

1. Do physical training = work out (ကိုယ်ကာယလေ့ကျင့်ခန်းလုပ်သည်)
2. Describes a lifestyle without much physical activity = sedentary (ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အထိုင်များသော ဘဝနေထိုင်မှုပုံစံ)
3. Describes a person who is unfit = out of shape or in bad shape (ပုံပျက်ပန်းပျက်ဖြစ်သော)

**Opposite Words**

unfit (ကျန်းမာကြံ့ခိုင်မှုမရှိသော) ≠ fit (ကျန်းမာကြံ့ခိုင်သော)

out of shape (ပုံပျက်ပန်းပျက်ဖြစ်သော) ≠ in shape (ပုံကျသော)

In bad shape (ပုံမကျပန်းမကျသော) ≠ in good shape (ပုံကျသော)

**Conversation**

**Start working out**

**Jessica:** What's in this box? It's so heavy!

**Owen:** I ordered some kettlebells.

**Jessica:** Kettlebells? What for?

**Owen:** I've decided to start working out.

**Jessica:** You? I never imagined you being a fitness enthusiast.

**Owen:** I'm not, but I realized the other day that I'm incredibly out of shape. I was running to catch the bus, and I was so out of breath. I didn't even run that far! I think my lifestyle has got more and more sedentary, plus I'm getting a bit flabby.

**Jessica:** Well, good for you! So, what's your workout routine going to be?

**Owen:** I'm not sure? I want to do a little bit of weight training, and maybe some running, and just get a bit fitter generally. It's difficult at the moment, though. I tried to run 1k yesterday, and I just couldn't.

**Jessica:** Don't give up! Doing anything is better than doing nothing. If you keep trying, it'll get easier. Go for it!

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်မှ ပွဲစဉ် သုံးပွဲကို ဇွန် ၃၀ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပရိသတ် စိတ်ဝင်စားမှုအများဆုံးနဲ့ အကြိတ်အနယ်အရှိဆုံးဖြစ်လာမယ့် ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူသွားမလဲ၊ နောက်တစ်ဆင့်တက်လှမ်းသွားမလဲဆိုတာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်**

| | | | |
|---|---|---|---|
| ဂျာမနီ | - | ပါရာဂွေး | နံနက် ၃း၀၀ |
| နယ်သာလန် | - | မိုရိုကို | နံနက် ၇း၃၀ |
| အိုင်ဗရီကို့စ် | - | နော်ဝေ | ည ၁၁း၃၀ |

TUE JUNE 30

# မိုရိုကိုရဲ့ခြေစွမ်း တည်ငြိမ်ပေမယ့် နယ်သာလန်ကို အနိုင်ရဖို့ မလွယ်ဘူး

■ မိုးဇက် – စုစည်းသည်

## ဂျာမနီ VS ပါရာဂွေး

နည်းပြ ဂျူလီယန်နဂယ်စမန်းရဲ့ ဂျာမနီက တိုက်စစ်ကို အလွန်အကျွံလိုက်ပါချိန် ကွင်းလယ်နဲ့ ခံစစ်ကြား ဟာကွက်ဖြစ်ပေါ်ပြီး အမှားအယွင်း ကျူးလွန်တတ်တာကြောင့် ပြိုင်ဘက်ရဲ့ လျင်မြန်တဲ့ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်ဖို့ ရှန်းကန်ရနိုင်တာ သတိပြုရမယ်။ ပါရာဂွေးက ခံစစ်ကို အားပြုပြီး တန်ပြန်တိုက်စစ်ကနေ သွင်းဂိုးရရှိရေး ကြိုးပမ်းလာနိုင်ဖွယ်ရှိတယ်။ သို့သော်ငြား ဂျာမနီမှာ ကစားသမား အချင်းချင်း နေရာအပြန်အလှန်လဲလှယ်ကစားနိုင်စွမ်းမြင့်မားတာကြောင့် ပါရာဂွေးခံစစ်ပိုင်း လူကပ်ကစားရ ခက်ခဲစေပြီး ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

**ဂျာမနီအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| ဂျာမနီ | ၇-၁ | ကျူရာဆို |
| ဂျာမနီ | ၂-၁ | အိုင်ဗရီကို့စ် |
| အီကွေဒေါ | ၂-၁ | ဂျာမနီ |

**ပါရာဂွေးအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| အမေရိကန် | ၄-၁ | ပါရာဂွေး |
| တူကီယဲ | ၀-၁ | ပါရာဂွေး |
| ပါရာဂွေး | ၀-၀ | ဩစတြေးလျ |

**■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ**

**ဂျာမဲလ်မူစီယာလာ (ကွင်းလယ်)**



ထူးခြားချက် –
- တိုက်စစ်လမ်းကြောင်း ပုံဖော်မှုကောင်းမွန်ခြင်း။

**ဒင်းနစ်အွန်ဒက်ဗ် (တိုက်စစ်)**



ထူးခြားချက် –
- စွယ်စုံရတိုက်စစ်စွမ်းရည်ရှိပြီး ဂိုးသွင်း ပါးနပ်မှုရှိခြင်း။

**■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ**

**ဂူစတာဗို ဂိုမက်ဇ် (ခံစစ်)**



ထူးခြားချက် –
- ပြိုင်ဘက်တိုက်စစ်ကို နည်းလမ်းမျိုးစုံနဲ့ ဟန့်တားနိုင်ခြင်း။

**ကူးဘတ်စ် (ကွင်းလယ်)**



ထူးခြားချက် –
- လျင်လျင်မြန်မြန် ချိတ်ဆက်ကစားနိုင်ခြင်း။

## နယ်သာလန် VS မိုရိုကို

နယ်သာလန်က ခံစစ်ပိုင်း တည်ငြိမ်မှုရှိပေမယ့် ကွင်းလယ်ဖန်တီးရှင်နည်းပါးပြီး ပြိုင်ဘက်အသင်းရဲ့ ဖိအားပေးခြင်းခံရရင် တိုက်စစ်လမ်းကြောင်း ဟန်ချက်ပျက်သွားတတ်တာ သတိပြုရမယ်။ မိုရိုကိုက ခံစစ်ပိုင်းကျစ်လျစ်ပြီး မြန်နှုန်းမြင့် တန်ပြန်တိုက်စစ်စွမ်းဆောင်ရည်နဲ့ အသင်းတိုင်းကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိတာကြောင့် နယ်သာလန်အသင်းအနေနဲ့ ပုံမှန်ထက်ခြေစွမ်းကျဆင်းခဲ့ရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။ မိနစ် ၇၀ ကျော်အထိ ဂိုးမပေးရအောင် ထိန်းထားနိုင်မယ်ဆိုရင် မိုရိုကိုအသင်း နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးပိုရသွားဖွယ်ရှိတယ်။

**နယ်သာလန်အသင်း အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| နယ်သာလန် | ၂-၂ | ဂျပန် |
| နယ်သာလန် | ၅-၁ | ဆွီဒင် |
| တူနီးရှား | ၁-၃ | နယ်သာလန် |

**မိုရိုကိုအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| ဘရာဇီး | ၁-၁ | မိုရိုကို |
| စကော့တလန် | ၀-၁ | မိုရိုကို |
| မိုရိုကို | ၄-၂ | ဟေတီ |

**■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ**

**ဗန်ဒိုက် (ခံစစ်)**



ထူးခြားချက် –
- ခံစစ်သာမက တိုက်စစ်အထိ လိုက်ပါပြီး ဂိုးသွင်းယူနိုင်ခြင်း။

**ဘရိုင်ယန်ဘရိုဘီ (တိုက်စစ်)**



ထူးခြားချက် –
- ပြိုင်ဘက်ခံစစ်ကို ထိုးဖောက်ပြီး ဂိုးသွင်းယူနိုင်ခြင်း။

**■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ**

**ဟာကီမီ (ခံစစ်)**



ထူးခြားချက် –
- တိုက်စစ်လိုက်ပါမှုနှင့် ဂိုး ဖန်တီးနိုင်စွမ်းရှိခြင်း။

**အစ္စမေးလ်ဆိုင်ဘာရီ (ကွင်းလယ်)**



ထူးခြားချက် –
- ဂိုးသွင်းစွမ်းရည် ထက်မြက်မှုရှိခြင်း။

## အိုင်ဗရီကို့စ် VS နော်ဝေ

ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်ကို ပထမဆုံးအကြိမ်တက်လှမ်းလာတဲ့ အိုင်ဗရီကို့စ်နဲ့ ထိပ်တန်းအသင်းကြီး နော်ဝေတို့ တွေ့ဆုံမှုဖြစ်ပါတယ်။ အိုင်ဗရီကို့စ်က အားနည်းတတ်တဲ့ ခံစစ်ပိုင်းကို ကျစ်ကျစ်လျစ်လျစ်တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ကနေ နော်ဝေအသင်းကို ရင်ဆိုင်လာဖွယ်ရှိတယ်။ တိုက်စစ်ထက်မြက်တဲ့ နော်ဝေက ဟာလန်း၊ အိုဒီဂတ်အပေါ် အားကိုးနေရတာကြောင့် ဒီပွဲစဉ်မှာ ၎င်းတို့နှစ်ဦး ပိတ်ဆို့ခံရရင် သွင်းဂိုးရရေးအခက်တွေ့နိုင်တယ်။ အိုင်ဗရီကို့စ်ရဲ့ ရှန်းအားကြောင့် ခက်ခက်ခဲခဲကစားရနိုင်ပေမယ့် နော်ဝေအသင်း နိုင်ပွဲရဖွယ်ရှိတယ်။

**အိုင်ဗရီကို့စ်အသင်း အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| အိုင်ဗရီကို့စ် | ၁-၀ | အီကွေဒေါ |
| ဂျာမနီ | ၂-၁ | အိုင်ဗရီကို့စ် |
| ကျူရာဆို | ၀-၂ | အိုင်ဗရီကို့စ် |

**နော်ဝေအသင်း အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| အီရတ် | ၁-၄ | နော်ဝေ |
| နော်ဝေ | ၃-၂ | ဆီနီဂေါ |
| နော်ဝေ | ၁-၄ | ပြင်သစ် |

**■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ**

**ပီပီ (ကွင်းလယ်တိုက်စစ်)**



ထူးခြားချက် –
- ပြင်းထန်တဲ့ ကန်ချက်တွေနဲ့ ဂိုးသွင်းယူမှု ထက်မြက်ခြင်း။

**ဒီယာလို (တောင်ပံတိုက်စစ်)**



ထူးခြားချက် –
- နေရာစုံလိုက်ပါကစားပြီး ဂိုးသွင်းယူနိုင်ခြင်း။

**■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ**

**အိုဒီဂတ် (ကွင်းလယ်)**



ထူးခြားချက် –
- ဂိုးဖန်တီးမှုနဲ့ ဖြန့်ဝေမှု အားကောင်းခြင်း။

**ဟာလန်း (တိုက်စစ်)**



ထူးခြားချက် –
- ပြိုင်ဘက်ဧရိယာအတွင်း တုံ့ဆိုင်းမှုမရှိ ဂိုးသွင်းယူနိုင်ခြင်း။

## နည်းပြ စတိဗ်ကလပ်ခ် စကော့တလန်အသင်းမှ နုတ်ထွက်



နည်းပြ စတိဗ်ကလပ်ခ်သည် စကော့တလန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာရပြီးနောက် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်သည်။ စကော့တလန်အသင်းသည် အကောင်းဆုံးအုပ်စုတတိယနှင့် လွဲချော်ခဲ့ပြီးနောက် ကလပ်ခ်၏ ထွက်ခွာမှုကို စကော့တလန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ခဲ့သည်။ ၎င်းသည် လွန်ခဲ့သည့် တစ်လကျော်က လေးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသည်။

## ဒဏ်ရာကြောင့် ဩစတြေးလျနှင့်ပွဲစဉ်ကို ဆာလာ လွဲချော်ဖွယ်ရှိ



အီဂျစ်အသင်းခေါင်းဆောင် မိုဟာမက်ဆာလာသည် ဒဏ်ရာကြောင့် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ အသက် ၃၄ နှစ်အရွယ် ဆာလာသည် အီရန်နှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သော အုပ်စုနောက်ဆုံးပွဲစဉ်တွင် ယင်းဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားသုံးပွဲတွင် တစ်ဂိုးသွင်းပြီး နှစ်ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

## အင်္ဂလန်၏ ကမ္ဘာ့ဖလားဂိုးသွင်းအများဆုံးကစားသမားဖြစ်လာသည့် ဟယ်ရီကိန်း



ဟယ်ရီကိန်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် အင်္ဂလန်က ပနားမားကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သော ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သွင်းဂိုးအများဆုံးကစားသမား ဖြစ်လာကြောင်း သိရသည်။

ကိန်းသည် ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ၎င်း၏ ကမ္ဘာ့ဖလား ၁၁ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ယခင်စံချိန်တင်ထားသော ဂယ်ရီလိုင်နီကာ၏ ၁၀ ဂိုးစံချိန်ကို ကျော်ဖြတ်ကာ မှတ်တမ်းသစ်ရေးထိုးလိုက်ခြင်းလည်း ဖြစ်သည်။ ထို့အပြင် ကိန်းသည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၁၇ ပွဲတွင် သွင်းဂိုးပေါင်း ၈၂ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။

## ကမ္ဘာ့ဖလား ၃၂ သင်းအဆင့်သို့ ပထမဆုံးအကြိမ် ဒီအာရ်ကွန်ဂို တက်ရောက်

ဒီအာရ်ကွန်ဂိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် ဥဇဘက်ကစ္စတန်



အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အသင်းသမိုင်းတစ်လျှောက် ၃၂ သင်းအဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် နယူးကာဆယ်တိုက်စစ်ကစားသမား ဝစ်ဆာအထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒီအာရ်ကွန်ဂိုအသင်းသည် ၃၂ သင်းအဆင့်တွင် နာမည်ကြီး အင်္ဂလန်နှင့် ကစားရမည်ဖြစ်သည်။

## အီသီယိုးပီးယား ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရရှိ

**အဒစ်အာဘာဘာ ဇွန် ၂၈**

**အီသီယိုးပီးယားနိုင်ငံသည် ဇူလိုင် ၇ ရက်တွင်အဆုံးသတ်မည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရရှိခဲ့ကြောင်း အစိုးရက ဇွန် ၂၇ ရက်တွင် ကြေညာသည်။**



ယခုဘဏ္ဍာနှစ်အတွင်း အရှေ့အာဖရိကနိုင်ငံ၏ စုစုပေါင်း ပြည်ပကုန်ပစ္စည်းတင်ပို့မှု ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော်မှာ နိုင်ငံတကာဈေးကွက်သို့ ကော်ဖီတင်ပို့မှုမှ ရရှိခြင်းဖြစ်ကြောင်း အီသီယိုးပီးယား စိုက်ပျိုးရေးဝန်ကြီး အဒီဆူ အာရီဂါက ပြောကြားသည်။

နိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ဈေးကွက်သို့ ကော်ဖီတန်ချိန် ၄၇၀၀၀၀ ခန့် တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံကျော် ရရှိခဲ့ကြောင်း အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်ရည်အာဏာပိုင်အဖွဲ့ (ECTA)၏ အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## ဘူတန်မြို့ပြဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကန်ဒေါ်လာ ၁၃ သန်း ထောက်ပံ့မည်

**မနီလာ ဇွန် ၂၈**

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သည် ဘူတန်နိုင်ငံ၏ မြို့ပြအခြေခံအဆောက်အအုံများ တိုးတက်စေရန်နှင့် ဝင်ငွေနည်းမိသားစုများအတွက် တန်ဖိုးသက်သာသည့် အငှားအိမ်ရာများ တည်ဆောက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၃ သန်းတန် ဘဏ္ဍာရေးအကူအညီအစီအစဉ်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် အမေရိကန်ဒေါ်လာ ငါးသန်းကို သက်သာသောအတိုးနှုန်းချေးငွေအဖြစ်နှင့် အမေရိကန်ဒေါ်လာ ရှစ်သန်းကို ထောက်ပံ့ငွေအဖြစ် ထည့်သွင်းထားကြောင်း ဘဏ်၏ ဇွန် ၂၇ ရက် ထုတ်ပြန်ချက်အရ သိရသည်။

စီမံကိန်းအရ အားနည်းသော အိမ်ထောင်စုများအတွက် အငှားအိမ်ရာများ ပံ့ပိုးပေးနိုင်ရေးနှင့် ရေမြောင်းစနစ်၊ ရေပေးဝေရေးစနစ်နှင့် လမ်းများကဲ့သို့ မြို့ပြအခြေခံ အဆောက်အအုံများ တိုးတက်စေရေးကို ရည်ရွယ်ထားကြောင်း ADB က ပြောကြားသည်။

ဆင်ဟွာ

## ဆိုမာလီယာတွင် အာဟာရအကျပ်အတည်း ပိုမိုဆိုးရွားလာဟု WFP သတိပေး

**မိုဂါဒစ်ရှူး ဇွန် ၂၈**

ဆိုမာလီယာနိုင်ငံ၏ စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အကျပ်အတည်းသည် မိုးခေါင် ရေရှားမှု၊ ရန်ပုံငွေဖြတ်တောက်ခံရမှုနှင့် အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပွားနေသော ပဋိပက္ခ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ခန့်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာ ဆိုးရွားလာနေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က ဇွန် ၂၈ ရက်တွင် သတိပေးပြောကြားသည်။

နောက်ဆုံးထုတ်ပြန်ချက်အရ လက်ရှိတွင် အရေးပေါ်အဆင့်ငတ်မွတ်မှုဘေးအန္တရာယ်(IPC အဆင့် ၄) သို့ရောက်ရှိနေပြီး လူပေါင်း နှစ်သန်းခန့် ထိခိုက်ခံစားနေရကြောင်း၊ ပြီးခဲ့သည့်နှစ်ထက် နှစ်ဆခန့် မြင့်တက်လာကြောင်း WFP က သတိပေးထားသည်။ လက်ရှိလူသားချင်းစာနာမှုအကူအညီများသည် လူပေါင်း ၄၅၀၀၀၀ အတွက်သာ ရရှိနိုင်တော့မည်ဖြစ်ပြီး IPC အဆင့် ၄ အတွင်းရှိ လူဦးရေ၏ ၇၆ ရာခိုင်နှုန်းခန့်မှာ လာမည့် သြဂုတ်လအထိ ထောက်ပံ့ ကူညီမှုများမရရှိနိုင်တော့ကြောင်း သိရသည်။

WFP ၏ ထုတ်ပြန်ချက်အရ ဆိုမာလီယာနိုင်ငံတွင် ကလေးငယ်ပေါင်း ၁ ဒသမ ၉ သန်းမှာ ဆိုးရွားပြင်းထန်သော အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရသဖြင့် ကမ္ဘာ့အဆိုးရွားဆုံး အာဟာရချို့တဲ့သည့်နိုင်ငံများအတွင်း ဆက်လက်တည်ရှိနေကြောင်း သိရသည်။ ဆင်ဟွာ

## ဆော်ဒီအာရေဗျ၌ ရဟတ်ယာဉ်ပျက်ကျ၊ ၁၄ ဦး သေဆုံး

**ရီယာ့ဒ် ဇွန် ၂၈**

ဆော်ဒီအာရေဗျနိုင်ငံတွင် နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီကြီး Saudi Aramco ပိုင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါ ၁၄ ဦးစလုံး သေဆုံးခဲ့ကြောင်း နိုင်ငံ၏စွမ်းအင်ဝန်ကြီးဌာနကိုကိုးကား၍ ဆော်ဒီသတင်းအေဂျင်စီက ဇွန် ၂၈ ရက်တွင် ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်သည် နိုင်ငံအရှေ့ပိုင်း ရပ်စ်တနူရာ ကမ်းရိုးတန်းမြို့အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအားလုံးမှာ ဆော်ဒီနိုင်ငံသားများဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဆင်ဟွာ

## နယူးဆောက်ဝေးပြည်နယ်၌ ငါးမန်းစောင့်ကြည့်ရေး မြှင့်တင်မည်

**ဆစ်ဒနီ ဇွန် ၂၈**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ငါးမန်းစောင့်ကြည့်ရေးဒရုန်းများ အသုံးပြုမှုတိုးမြှင့်ရန် ဩစတြေးလျဒေါ်လာ ၃၄ သန်း ထပ်မံရင်းနှီးမြှုပ်နှံသွားမည်ဟု ပြည်နယ်အစိုးရက ပြောကြားသည်။ ယခုလအစောပိုင်းက ဆစ်ဒနီကမ်းခြေတစ်ခု၌ ပြင်းထန်သည့် ငါးမန်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရန်ပုံငွေသည် ပြည်နယ်၏ ငါးမန်းကာကွယ်ရေးအစီအစဉ်ကို နှစ်နှစ်အတွင်း ဩစတြေးလျဒေါ်လာ သန်း ၁၂၀ အထိ တိုးမြှင့်ထားခြင်းဖြစ်ကြောင်း ဩစတြေးလျ အသံလွှင့်ကော်ပိုရေးရှင်း (ABC)က ဇွန် ၂၈ ရက်တွင် ဖော်ပြသည်။ နယူးဆောက်ဝေးပြည်နယ် ကမ်းခြေ ၇၀ ခန့်တွင် ငါးမန်းစောင့်ကြည့်ရေးဒရုန်းများကို တစ်နှစ်ပတ်လုံး အသုံးပြုမည်ဖြစ်ပြီး ဇူလိုင် ၁ ရက်မှစတင်ကာ ဆစ်ဒနီကမ်းခြေများတွင် စောင့်ကြည့်မှုများ စတင်မည်ဖြစ်သည်။ ဆင်ဟွာ

## စပိန်၌ နွေရာသီပထမအပူလှိုင်းအပြီး တောမီးလောင်မှုများ ဖြစ်ပွား

**မက်ဒရစ် ဇွန် ၂၈**

စပိန်နိုင်ငံ၌ နွေရာသီ၏ ပထမဦးဆုံး အပူလှိုင်းဖြစ်စဉ်အပြီးတွင် တောမီးလောင်မှုများဖြစ်ပွားခဲ့ပြီး နိုင်ငံအနှံ့အပြားတွင် သက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

တောမီးလောင်မှုဖြစ်ပွားသည့်နေရာများထဲတွင် ဟွက်စကာပြည်နယ်မြောက်ပိုင်း လာလီတာရာဒေသလည်းပါဝင်ပြီး မြေဟက်တာပေါင်း ၄၀၀၀ ဝန်းကျင် မီးလောင်ဆုံးရှုံးခဲ့သည်။ ထို့ပြင် အနောက်မြောက်ပိုင်း အယ်လ်ဘီယာဇိုးဒေသနှင့် ဇာရာဂိုဇာပြည်နယ် ဒေသအချို့တွင်လည်း တောမီးလောင်မှုများ ဖြစ်ပွားခဲ့သည်။

တောမီးအချို့မှာ မိုးကြိုးပစ်ခတ်မှုကြောင့်ဖြစ်ပြီး ဟွက်စကာပြည်နယ်တွင် ဇွန် ၂၆ ရက်က လူပေါင်း ၂၀၀ ခန့်ကို ၎င်းတို့နေအိမ်များမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ထို့အပြင် ဘာစီလိုနာမြို့အနီး တီယာနာ၊ ဆန်ဖော့စ် ဒီကမ်ဆန်တယ်လက်စ်၊ မာတိုရယ်လ်နှင့် ဆန်တာမာရီယာဒီ မာတိုရယ်လ်တို့အကြားဖြစ်ပွားသည့် မီးလောင်မှုများကြောင့်



လူပေါင်း ၁၆၀၀၀ ခန့်ကို နေအိမ်အတွင်းသာနေထိုင်ရန် အကြောင်းကြားခဲ့သည်။

ဆင်ဟွာ

## ဥရောပတွင် ပြင်းထန်အပူလှိုင်းကြောင့် သေဆုံးသူများရှိလာ

**ပါရီ ဇွန် ၂၈**

ဥရောပဒေသရှိနိုင်ငံအများအပြားတွင် ပြင်းထန်သော အပူလှိုင်းကျရောက်မှုကို ဆက်လက်ကြုံတွေ့နေရပြီး ဂျာမနီ၊ ပြင်သစ်နှင့် ချက်ဖ်သမ္မတနိုင်ငံ




တို့တွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်နေကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် ဇွန် ၂၆ ရက်က စံချိန်တင်ခဲ့သော အပူချိန် ၄၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်စ်ကို နောက်တစ်ရက် ဇွန် ၂၇ ရက်တွင် ၄၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် ထပ်မံချိုးဖျက်ကာ စံချိန်သစ်တင်နိုင်ခဲ့သည်။ ထို့အပြင် ချက်ဖ်သမ္မတနိုင်ငံတွင်လည်း ဇွန် ၂၇ ရက်၌ အပူချိန် ၄၀ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့သည်။

ဇွန် ၂၇ ရက်က ပြင်သစ်မီဒီယာများ၏ ဖော်ပြချက်အရ ၂၄ နာရီအတွင်း ပါရီမြို့၌ လူပေါင်း ၁၀၉ ဦးအထိ သေဆုံးခဲ့ကြောင်းသိရပြီး အဆိုပါအရေအတွက်သည် ဆေးရုံတွင်သေဆုံးသူများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိကြောင်းလည်း သိရသည်။

အင်န်အိတ်ချ်ကေ

## ပြင်သစ်တွင် အရပ်ဘက်သုံး လေယာဉ်ငယ်ပျက်ကျ၊ ၁၁ ဦးစလုံး သေဆုံး

**ပါရီ ဇွန် ၂၈**

ပြင်သစ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အရပ်ဘက်သုံး လေယာဉ်ငယ်တစ်စင်း ဇွန် ၂၈ ရက်က ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်ပါ ၁၁ ဦးစလုံး သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

နန်စီအက်ဆေး လေဆိပ်မှ ပျံသန်းလာသော အဆိုပါလေယာဉ်သည် တွန်ဘလိန်းဒေသအနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးအပါအဝင် လေထီးခုန်သမား ၁၀ ဦး သေဆုံးခဲ့ကြောင်း ပြင်သစ်သတင်းဌာန BFMTV ၏ ဖော်ပြချက်အရ သိရသည်။

အမျိုးသားရဲတပ်ဖွဲ့က အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များ သွားလာနိုင်ရန် လမ်းကြောင်းများ ပိတ်ပင်တားဆီးမှုမရှိစေရေးအတွက် လေယာဉ်ပျက်ကျရာနေရာသို့ သွားလာမှုများကိုရှောင်ရှားကြရန် ပြည်သူများအား တိုက်တွန်းထားသည်။

ဆင်ဟွာ

■

## အာဖဂန်ရဲတပ်ဖွဲ့က နိုင်ငံအနောက်ပိုင်း၌ ဘိန်းစိုက်ခင်း ဧက ၄၀၀ ဖျက်ဆီး

**ကဘူးလ် ဇွန် ၂၈**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဖာရတ်ပြည်နယ်အတွင်း ရဲတပ်ဖွဲ့က ဘိန်းစိုက်ခင်း ဧက ၄၀၀ ကို ဖျက်ဆီးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ရုံးက ဇွန် ၂၈ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပူချာမန်ခရိုင်၌ ဘိန်းစိုက်ခင်းဖျက်ဆီးရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ပြည်နယ်တစ်ဝန်းရှိ တရားမဝင်သီးနှံစိုက်ခင်းများကို ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါဆောင်ရွက်မှုအတွင်း ဆေးခြောက် ၃၅၀၀ ကီလိုဂရမ်ကိုလည်း သိမ်းဆည်းရမိခဲ့ပြီး လူငါးဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဆင်ဟွာ

## တောင်ငူမြို့၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မွမ်းမံသင်တန်းဆင်း



**တောင်ငူ ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က ခရိုင်လူမှုဝန်ထမ်းရုံး အိမ်တွင်းမှုကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သဉ္ဇာနွယ်က အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များ၊ အခွန်အမျိုးအစားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အခွန်ထမ်း ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ မြို့နယ်( ပြန်/ဆက်)

## ကဝမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်



**ကဝ ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ခိုလှုံပေါက်ပွားနိုင်သော နေရာများအား လိုက်လံစစ်ဆေး၍ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ဇွန် ၂၅ ရက်က မြို့ပေါ်ရပ်ကွက်များအား ကွင်းဆင်းစစ်ဆေးလျက်ရှိရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဇင်ဝင်း၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့တို့က အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြော

**မော်လမြိုင် ဇွန် ၂၈**

မော်လမြိုင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တော ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ဇွန် ၂၆ ရက်က အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အလက (၃) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးသက်နိုင်က ဒေသခံပြည်သူ ၂၃၇ ဦးအား သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုး ကျေးဇူးများကို လည်းကောင်း၊ တောအုပ်ကြီး ဦးဝင်းလှိုင်က သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောပြီး မှတ်တမ်းဗီဒီယိုကို ပြသခြင်းများ ဆောင်ရွက်ကာ တက်ရောက်သည့် ကျောင်းသားကျောင်းသူများက သိရှိလို သည့် မေးခွန်းများ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



ခင်စန်းမြင့်(ပြန်/ဆက်)

## သံတောင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး



**သံတောင် ဇွန် ၂၈**

သံတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၂၆ ရက်က နေ့ချင်းပြီး ထုတ်ပေးခြင်းဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေရဲရင့်

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်

**ရွှေကျင် ဇွန် ၂၈**

ရွှေကျင်မြို့နယ်၌ ဇွန် ၂၆ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြတ်သူ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်း ရှိ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)





## ဖြူးမြို့နယ်၌ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်

**ဖြူး ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဘေးအန္တရာယ် ရေပြင်အသက်ကယ်သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၂၆ ရက် မွန်းလွဲပိုင်းတွင် ဖြူးချောင်းအတွင်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းဟိန်းလင်းနှင့်မီးသတ်တပ်ဖွဲ့ဝင်များက ပြုလုပ်ရာ မြို့နယ်အဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ခြင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



## ထားဝယ်မြို့၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ထားဝယ် ဇွန် ၂၈**

ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက်က ထားဝယ်မြို့ Polytechnic University (Dawei) ၌ ကျင်းပရာ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခိုင်ဇာသွယ်က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အအေးပေးပစ္စည်းများ အသုံးပြုရာတွင် လိုက်နာရမည့် အချက်များကို ဆွေးနွေးပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးအပ်ခဲ့သည်။

ငွေဇင်ယော်(ထားဝယ်)



## ပြည်ပညာရေးဒီဂရီကောလိပ်၌ အခွန်ဆိုင်ရာ အသိပညာပေး

**ပြည် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်ပညာရေးဒီဂရီကောလိပ် နဝရတ်ရတနာခန်းမ၌ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပြည်ပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေဦးက နိုင်ငံသားတိုင်း လိုက်နာရမည့် အခွန်ဆိုင်ရာသိကောင်းစရာများနှင့် အခွန်ပေးဆောင်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားပြီး အခွန်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အေးမိုး(ပြန်/ဆက်)

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ဘက်စုံ အသုံးဝင် စပါးခွံ

နေသူရဇော် (စိုက်ပျိုးရေး)

**မြန်မာနိုင်ငံသည် နှစ်စဉ် စပါး ဧက ၁၇ သန်းကျော် စိုက်ပျိုးရိတ်သိမ်းပြီး တစ်နှစ်လျှင် စပါးတင်းပေါင်း ၁၄၅၁ သန်းကျော်၊ တန်ချိန်အားဖြင့် ၃၀ ဒသမ ၂၇ သန်း ထွက်ရှိသည်။ စပါးကို ဆန်အဖြစ်ကြိတ်ခွဲရာတွင် အဓိကထွက်ကုန် ဆန်ချောအပြင် ဆန်ကွဲနှင့် ဘေးထွက်ပစ္စည်းများအဖြစ် ဖွဲနု၊ ဖွဲကြမ်းနှင့် စပါးခွံတို့ ထွက်ရှိသည်။ ယင်းတို့ကို ယခင်က တန်ဖိုးနည်းတိရစ္ဆာန်အစာ သို့မဟုတ် စွန့်ပစ်ပစ္စည်းအဖြစ် သတ်မှတ်ခဲ့ကြသော်လည်း ယနေ့ခေတ် အရည်အသွေးမြင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းတွင် ဖွဲနုနှင့် ဖွဲကြမ်းတို့သည် နည်းပညာပေါင်းစပ်မှုဖြင့် တန်ဖိုးမြင့်ကုန်ကြမ်းများ ဖြစ်လာသည်။**

မြန်မာနိုင်ငံ၏ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအရ ဆန်တန်ချိန် ၁၉ သန်းခန့်၊ ဆန်ကွဲ တန်ချိန် ၁ ဒသမ ၅၁ သန်းကျော်၊ ဖွဲနုတန်ချိန် ၂ ဒသမ ၄ သန်းနှင့် ဖွဲကြမ်းတန်ချိန် ၁ ဒသမ ၅၁ သန်းကျော်၊ စပါးခွံ တန်ချိန် ၆ ဒသမ ၀၅ သန်းကျော်ခန့်ကို နှစ်စဉ် ရရှိနိုင်မည်ဖြစ်ရာ စပါးခွံကို အဆင့်မြှင့်တင်၍ ထိရောက်စွာ အသုံးချနိုင်ပါက ဝင်ငွေနှင့် အကျိုး ကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။

**ဖွဲနု**

စပါးခွံကို ဖယ်ရှားပြီးနောက် ရရှိလာသော ဆန်လုံးညိုကို ထပ်မံကြိတ်ခွဲရာမှ ထွက်ပေါ်လာသော ဆန်လုံး၏ အပြင်ဘက်အလွှာတို့ ရောနှောနေသည့် အာဟာရအကြွယ်ဝဆုံး အစိတ်အပိုင်းဖြစ်သည်။ ဖွဲနုတွင် အဆီဓာတ်(Lipid) ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းဝန်းကျင် ပါဝင်သောကြောင့် ပြည်တွင်း ဖွဲနုဆီစက်များက အဓိက ဝယ်ယူကြိတ်ခွဲကြ သည်။ ဆီညှစ်ပြီးကျန်သည့် ဖွဲနုဖတ်များတွင် ပရိုတင်း ဓာတ်ကြွယ်ဝသဖြင့် ကြက်စာ၊ ဝက်စာထုတ်လုပ် သည့်အခါ ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးချကြ သည်။ ဖွဲ့နုဆီထုတ်ရာတွင် ပျမ်းမျှအားဖြင့် ဖွဲနု တစ်တန် (၁၀၀၀ ကီလိုဂရမ်) ကို ကြိတ်ခွဲပါက အဆင့်မြင့်စား သုံးဆီသန့် (၁၅၀ ကီလိုဂရမ်ကနေ ၁၈၀ ကီလို ဂရမ်) ထွက်ရှိကြောင်း သိရသည်။

**ဖွဲကြမ်း**

ဖွဲကြမ်းသည် စပါးခွံအပိုင်းအစ၊ အနုလေးများ နှင့် ဖွဲနု ရောနှောနေသော ပစ္စည်းဖြစ်ပြီး အမျှင် ဓာတ်မြင့်မား၍ အာဟာရအသင့်အတင့် ပါဝင်သော ကြောင့် အစာခြေစနစ် ပိုမိုသန်မာသည့် ကျွဲ၊ နွား၊ မြင်းနှင့် ဝက် စသည့်တိရစ္ဆာန်များအတွက် အစာ အရောအနှောအဖြစ် သုံးစွဲကြသည်။

**စပါးခွံ**

စပါးခွံတွင် အပင်ပိုးမွှားဒဏ်ခံနိုင်ရန် သဘာဝ က ဖန်တီးထားသော ဆီလီကာ ($SiO_2$) ဓာတ် ၂၀ ရာခိုင်နှုန်းဝန်းကျင်နှင့် လစ်ဂနင်(Lignin) ဓာတ် ၄၀ ရာခိုင်နှုန်းဝန်းကျင်အထိ ပါဝင်ပါသည်။ ထို့ကြောင့် တိရစ္ဆာန်များ အလွယ်တကူ အစာမခြေဖျက်နိုင် သဖြင့် တိရစ္ဆာန်အစာအဖြစ် တိုက်ရိုက် အသုံးပြု၍ မရပါ။ ထို့ကြောင့် စပါးခွံတွင် ပါဝင်သော ဆီလီကာ နှင့် ကာဗွန်တည်ဆောက်ပုံကို အခြေခံကာ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။

**(က) လောင်စာတောင့်**

ဆန်စက်များမှ ထွက်ရှိလာသော စပါးခွံများကို ဖိအားမြင့်စက်များဖြင့် ကျစ်လျစ်မာကြောသော အတုံးအခဲများ (သို့မဟုတ်) တန်ဖိုးမြင့် ဇီဝလောင်စာ အဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။ ဇီဝလောင်စာ အဖြစ် ထုတ်လုပ်ရာတွင် စပါးခွံများကို ခရုပတ်ရိုးတံ ပါဝင်သော စက်ထဲသို့ ထည့်သွင်းကာ အပူချိန် ၂၅၀ ဒီဂရီစင်တီဂရိတ်ဝန်းကျင်နှင့် ပြင်းထန်သော ဖိအားပေး၍ ထုတ်လုပ်ရပြီး ထိုသို့ပြုလုပ်စဉ် စပါးခွံ ထဲ၌ ပါဝင်ပြီးသားဖြစ်သည့် လစ်ဂနင် (Lignin) ဒြပ်ပေါင်းများ အရည်ပျော်လာကာ သဘာဝကော် အဖြစ် ပြန်လည်စေးကပ်ပေးသဖြင့် မည်သည့်ဓာတု ကော်စေးမျှ ထည့်သွင်းရန်မလိုဘဲ ကျောက်မီးသွေး ကဲ့သို့မာကျောကျစ်လျစ်သည့် လောင်စာတောင့်များ ရရှိလာသည်။

ဤလောင်စာတောင့်များသည် အစိုဓာတ် ရှစ်ရာခိုင်နှုန်းအောက်သာရှိပြီး အပူစွမ်းအင် ၃၈၀၀ မှ ၄၂၀၀ kcl/kg အထိ ထွက်ရှိသဖြင့် ထင်းနှင့် ကျောက် မီးသွေးနေရာတွင် အကောင်းဆုံးအစားထိုးနိုင်ကာ အုတ်ဖုတ်လုပ်ငန်း၊ အရက်ချက်စက်ရုံ၊ အထည်ချုပ် စက်ရုံနှင့် ဘွိုင်လာသုံးစွဲသည့် စက်ရုံကြီးများ၌ ကုန်ကျစရိတ် သက်သာစွာ မီးခိုးနှင့် အခိုးအလျှံ နည်းပါးစွာ အသုံးပြုလျက်ရှိသည်။ စပါးခွံတစ်တန် (၁၀၀၀ ကီလိုဂရမ်)ကို ကြိတ်ခွဲလျှင် လောင်စာ တောင့် ပျမ်းမျှ ၉၀၀ ကီလိုဂရမ်ဝန်းကျင်ထွက်ရှိပြီး သစ်တောပြုန်းတီးမှုကို တိုက်ရိုက်ကာကွယ်ပေးနိုင် သည့်အပြင် စွန့်ပစ်ပစ္စည်းကို အနည်းငယ်မျှ အလေ အလွင့်မရှိအောင် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် စက်မှုလုပ်ငန်းသုံး စွမ်းအင်အလားအလာကောင်း တစ်ခုဖြစ်သည်။

ယခင်က ဆန်စက်များတွင် စွန့်ပစ်ရခက်သည့် အမှိုက်အဖြစ် သတ်မှတ်ခံခဲ့ရသော စပါးခွံသည် လက်ရှိအခြေအနေတွင် ပြည်တွင်းရှိ အုတ်ဖုတ် လုပ်ငန်း၊ အရက်ချက် စက်ရုံနှင့် အထည်ချုပ်စက်ရုံ များ၏ ဘွိုင်လာလောင်စာတောင့် ဈေးကွက်ကြောင့် ဝယ်လိုအား သိသိသာသာ မြင့်တက်လာသည်။

**(ခ) စပါးခွံ ဖွဲပြာ**

စပါးခွံကို အပူပေးမီးရှို့ရာမှ အမောဖတ်စ် ဆီလီကာ (Amorphous Silica) ကြွယ်ဝသည့် စပါးခွံဖွဲပြာကို ရရှိသည်။ ယင်းဖွဲပြာကို စိုက်ပျိုးရေး လုပ်ငန်းများတွင် မြေဆီလွှာ၏ အချဉ်ဓာတ်ကို လျှော့ချရန် အသုံးပြုသကဲ့သို့ ပျိုးမြေစပ်ရာတွင် မြေဆွေး သုံးပုံ၊ သဲ တစ်ပုံ၊ ဖွဲပြာ တစ်ပုံ ရောစပ်၍ တွင်ကျယ်စွာ အသုံးပြုကြသည်။ စပါးစိုက်ခင်းများ အတွင်း ဓာတ်မြေဩဇာကျွေးချိန်၌ ဖွဲပြာကို တွဲဖက် ၍ ကျွေးပေးပါက စပါးပင်စည်ကို မာကြောစေ ပြီး စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ဆောက်လုပ် ရေးလုပ်ငန်းတွင်လည်း ဘိလပ်မြေကွန်ကရစ်စပ်ရာ တွင် စပါးခွံဖွဲပြာကို ဘိလပ်မြေအလေးချိန်၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အစားထိုး ထည့်သွင်းပါက ကွန်ကရစ် အတွင်းရှိ အပေါက်ငယ် လေးများကို ပိတ်ဆို့ပေးသဖြင့် ရေစိမ့်မှုကို လုံးဝ တားဆီးပေးပြီး အဆောက်အအုံ၏ သက်တမ်းနှင့် ခိုင်ခံ့မှုကို တိုးစေကြောင်း သိရသည်။

**(ဂ) စပါးခွံအော်ဂဲနစ်မြေဩဇာ**

စပါးခွံများကို တန်ဖိုးမြင့် အော်ဂဲနစ်မြေဩဇာ အဖြစ်လည်း ပြောင်းလဲအသုံးပြုနိုင်သည်။ စပါးခွံ ပုံ၊ နွားချေး သို့မဟုတ် ကြက်ချေး ပုံနှင့် သစ်စိမ်းရွက် သို့မဟုတ် ဗေဒါပုံတို့ကို ရောစပ်ပြီး ရေလီတာ ၂၀ တွင် တင်လဲရည် ၁၀၀ စီစီနှင့် EM အဏုဇီဝရည် ၁၀၀ စီစီကို ရောစပ်ကာ ဖြန်းပေးရသည်။ အစို ဓာတ် ၅၀ ရာခိုင်နှုန်း – ၆၀ ရာခိုင်နှုန်း ရရှိစေရန် ပလတ်စတစ်စဖြင့် လုံအောင်အုပ်ထားရပြီး လေဝင် လေထွက်မျှတစေရန် တစ်ပတ်လျှင် တစ်ကြိမ် အထက်အောက်လှန်ပေးခြင်းဖြင့် နှစ်လခန့်အကြာ တွင် အပူချိန်ကျဆင်းကာ အသုံးပြုနိုင်သောမြေဆွေး ဖြစ်လာသည်။

အစိုဓာတ် ၅၀ ရာခိုင်နှုန်း– ၆၀ ရာခိုင်နှုန်း ရှိ၊ မရှိ အလွယ်တကူ စမ်းသပ်ရန်မှာ မြေကြီးကို လက် ဖြင့် ဆုပ်ကြည့်နိုင်သည်၊ ထိုသို့ ဆုပ်ကြည့်ပါက ရေမထွက်ဘဲ ပေါက်ပေါက်ဆုပ်သဖွယ် လုံးနေသည့် အနေအထားဖြစ်နေရမည်။ အဆိုပါ မြေဩဇာသည် စေးလွန်းသောမြေများကို ပွလာစေပြီး သဲဆန်သော မြေများတွင် ရေနှင့် အာဟာရဓာတ် ထိန်းညှိနိုင်စွမ်း မြှင့်တင်ပေးသည့်အပြင် မြေကြီးအတွင်းရှိ အကျိုးပြု အဏုဇီဝပိုးမွှားများကို တိုးပွားစေပါသည်။ အပင်ခြေ တွင် တိုက်ရိုက်ကျွေးသော်လည်း အမြစ်လောင်ခြင်း မဖြစ်စေဘဲ ဘေးကင်းစွာသန်မာကြီးထွားစေသည်။

**(ဃ) စပါးခွံ Bio-char (စပါးခွံ ဇီဝမီးသွေး)**

စပါးခွံဖွဲပြာနှင့် စပါးခွံမီးသွေးတို့မှာ မတူညီပါ။ စပါးခွံမီးသွေးသည် စပါးခွံကို သာမန်အတိုင်း မီးရှို့ ဖျက်ဆီးပစ်ခြင်းမျိုးမဟုတ်ဘဲ အောက်ဆီဂျင်မရှိ သလောက် နည်းပါးသော “လေလုံဖို” အတွင်း ထည့်သွင်း၍ အပူပေးပြာချထားသည့် ကာဗွန်ဒြပ်စင် ကြွယ်ဝသော မီးသွေးခဲဖြစ်သည်။ ထုတ်လုပ်ရာတွင် အလွယ်ကူဆုံးအနေဖြင့် လီတာ ၂၀၀ ဆံ့ သံပုံးခွံတွင် စပါးနှစ်တင်း လောင်းထည့်ပြီး အလယ်ဗဟိုတွင် မီးခိုးခေါင်းတိုင်ပိုက် တပ်ဆင်၍ လေလုံမီးဖို ပြုလုပ် ကာ ခြောက်သွေ့သော စပါးခွံများကို လေဟာနယ် နည်းနိုင်သမျှနည်းအောင် ကျစ်ကျစ်လျစ်လျစ် ဖိသိပ် ထည့်သွင်းရသည်။

ထို့နောက် မီးကို အပေါ်ယံအလွှာမှ စတင်ရှို့ပြီး ဖိုအဖုံးကို လုံအောင်ပိတ်ထားခြင်းဖြင့် အောက်ဆီဂျင် ဝင်ရောက်မှုကို ထိန်းချုပ်ကာ ဖိုအတွင်း အပူချိန်ကို ၃၅၀ ဒီဂရီစင်တီဂရိတ်မှ ၅၀၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာစေရမည်ဖြစ်သည်။ မီးခိုးခေါင်းတိုင်မှ ထွက်ရှိလာသော မီးခိုးရောင်သည် အစပိုင်းတွင် အဖြူရောင်ရှိနေပြီး နောက်ပိုင်းတွင် အဝါရောင်သန်း ကာ အဆုံးသတ်၌ မီးခိုးကြည်ပြာရောင်သို့ ပြောင်းလဲ သွားပါက ကာဗွန်ဒြပ်စင်ကြွယ်ဝသော မီးသွေးခဲ (Bio-char) အဖြစ်သို့ ကောင်းမွန်စွာ ပြောင်းလဲသွား ပြီဖြစ်ကြောင်း သိရှိနိုင်သည်။ ဤအဆင့်တွင် အရေးကြီးဆုံးမှာ ဖိုကို ချက်ချင်းဖွင့်၍ ရေအမြန် ပက်ဖျန်းကာ မီးငြိမ်းသတ်ရန်ဖြစ်ပြီး သို့မဟုတ်ပါက အောက်ဆီဂျင်နှင့် ပြန်လည်ဓာတ်ပြုကာ အပင် အတွက် အကျိုးအာနိသင်နည်းပါးသည့် အဖြူရောင် ပြာအဖြစ် ပြောင်းလဲပျက်စီးသွားတတ်သည်။ စပါးခွံမှ မီးသွေး ၃၀ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်း အကြား ထွက်ရှိသည်။

Bio-char မီးသွေးကို မြေဆီလွှာအတွင်း ထည့်သွင်းလိုက်သည့်အခါ “သဘာဝရေမြှုပ်” သဖွယ် ဆောင်ရွက်ပေးကာ ရေနှင့် ထည့်သွင်းလိုက် သော ဓာတ်မြေဩဇာများကို အောက်ခြေမြေလွှာထဲ သို့ အလွယ်တကူ စိမ့်ဝင်မျောပါမသွားအောင် ထိန်းသိမ်းပေးထားသဖြင့် သီးနှံများက အာဟာရကို ရေရှည်စုပ်ယူစားသုံးနိုင်သည့်အပြင် အကျိုးပြု အဏုဇီဝပိုးမွှားများပေါက်ပွားရာ အိမ်ကြီးသဖွယ် ဖြစ်လာစေသည်။

မြေကြီးထဲတွင် နှစ်ပေါင်းများစွာ တည်ရှိနေနိုင် သဖြင့် ရေရှည်မြေဆီလွှာ ပြုပြင်ရေးအတွက် သင့်တော်သည့် မြေဩဇာဖြစ်ပေသည်။ စပါးနှင့် ရာသီသီးနှံစိုက်ခင်းများ စိုက်ပျိုးရာတွင် ရေငတ် ဒဏ်ခံနိုင်ရန် မြေပြင်ချိန်၌ တစ်ဧကလျှင် ပိဿာ ၃၀၀ မှ ပိဿာ ၁၂၀၀ အထိ ထည့်သွင်းစိုက်ပျိုးနိုင် သကဲ့သို့ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးသူ များကလည်း ရောဂါပိုးမွှားကင်းစင်ပြီး လေဝင် လေထွက်ကောင်းမွန်သော အုန်းဆံဖတ်၊ မြေဆွေး များနှင့် ရောစပ်၍ အောက်ခံလွှာအဖြစ် တွင်ကျယ် စွာအသုံးပြုလျက်ရှိသည်။

စပါးခွံမီးသွေးထုတ်လုပ်ရာမှ စပါးခွံပေါင်းခံရည် ကိုလည်း ထုတ်ယူရရှိပါသေးသည်။ စပါးခွံပေါင်းခံ ရည်ဆိုသည်မှာ စပါးခွံကို လေလုံဖိုအတွင်း ထည့်သွင်း ၍ Bio-char ခေါ် စပါးခွံမီးသွေးအဖြစ် ပြောင်းလဲစဉ် ထွက်ပေါ်လာသော မီးခိုးငွေ့များကို ပိုက်လိုင်းမှ တစ်ဆင့် ဖြတ်သန်းစေကာ အအေးခံပြီး ပေါင်းခံရယူ ရသည့် သဘာဝအရည် ကုန်ကြမ်းဖြစ်သည်။ ထုတ်လုပ်ပြီးပြီးချင်း တိုက်ရိုက်မသုံးရပါ။ ပလတ် စတစ်ပုံး သို့မဟုတ် ဖန်ပုလင်းအတွင်း ထည့်သွင်း၍

*စာမျက်နှာ ၁၇ သို့*



ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် စပါးခွံဘိုင်အိုချာပြုလုပ်ဆောင်ရွက်မှု။

**“ စပါးခွံကို တန်ဖိုးမြှင့်ထုတ်ကုန် Bio - char အဖြစ် စနစ်တကျပြောင်းလဲပြီး စိုက်ခင်းများထဲသို့ ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီလွှာ၏ အာဟာရဓာတ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိကို ထိန်းညှိပြုပြင်ပေးနိုင်သော အာနိသင်ရှိသည့် ဇီဝမြေဩဇာလည်း ဖြစ်သည်။ အဆိုပါ မြေဩဇာကို သုံးစွဲခြင်းဖြင့် အပင်များ၏ လိုအပ်သောဩဇာဓာတ်များကို လိုအပ် သောအချိန်တွင် ဖြည်းညင်းစွာထုတ်လုပ်ပေးနိုင်သည့်အတွက် ရေရှည်တွင် စိုက်ခင်း များ၌ မြေဆီဩဇာကြွယ်ဝနေမည် ”**

## ဗိုလ်တထောင်ခရိုင်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ဒေါပုံ ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ကြီးမှူးဖွင့်လှစ်သည့် ဗိုလ်တထောင်ခရိုင် အတွင်းရှိ



ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ခရိုင်ဥပဒေအရာရှိက ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ဗိုလ်တထောင်၊ သာကေတ၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံနှင့် ပုဇွန်တောင်မြို့နယ်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၇၅ ဦးတို့က တက်ရောက်ပြီး သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လူထုအခြေပြုဇဟိုဌာန၌ ဇွန် ၂၅ ရက်က အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

## သဲကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သဲကုန်း ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က ကန်သာယာ ရေလယ်ကျွန်းစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊



ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း ၂၆၀၊ မန်ကျည်းရှား ၁၀၀ စသည့်ပျိုးပင်ပေါင်း ၃၆၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ပန်းချီပြိုင်ပွဲကျင်းပ



ကျောက်ကြီး ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၅ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပရာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုလှိုင်တို့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်း ဆင့်ပွားသင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်း (မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၂၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကျောင်းကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးဆိုင်ရာ ဘာသာရပ်များကို ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၂၃၀ အား ပို့ချမည်ဖြစ်သည်။ **ရဲကိုမောင်(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ ဒေသဖွံ့ဖြိုးရေး Quick Win လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဇွန် ၂၈

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Quick Win လုပ်ငန်းများကို ဇွန် ၂၄ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက ဗိုလ်ချုပ်လမ်းကွန်ကရစ်ခင်းခြင်း၊ မြိုင်လမ်းလယ်တွင် Solar မီးသီးများ တပ်ဆင်ခြင်းနှင့် အဝေးပြေးကားကြီးကွင်းဝင်းအတွင်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြ



ရာ တာဝန်ရှိသူများက လုပ်ငန်းအမျိုးအစားအလိုက် ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေး

မြိတ် ဇွန် ၂၈

မြိတ်မြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက ဇွန် ၂၅ ရက်တွင် အထက (၆) အုန်းတောကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသို့ ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၁ ရက်မှ ၂၅ ရက်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၅၄ ဦးအား ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အနည်းဆုံး သုံးလမှ ခြောက်လအထိ ငြိမ်သက်စွာထားရပြီး ကတ္တရာစေးများ အောက်ခြေသို့ အနည်ထိုင်သွားကာ ကွဲထွက်လာသည့် အရည်ကြည်ကိုသာ သန့်စင်၍ အသုံးပြုရခြင်းဖြစ်သည်။ ပေါင်းခံရည်ကိုလည်း ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအကြား ထုတ်ယူရရှိနိုင်ပါသည်။

ပေါင်းခံရည်တွင် အဆီတစ်အက်စစ် (Acetic Acid)၊ ဖီနောဒြပ်ပေါင်းများ (Phenolic Compounds) နှင့် အယ်လ်ဒီဟိုက် (Aldehydes) ကဲ့သို့သော အပင်ကို အကျိုးပြုသည့် သဘာဝ ဓာတုဒြပ်ပေါင်းများစွာ ပါဝင်နေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် သဘာဝပိုးမောင်းစနစ်အဖြစ် အသုံးပြုနိုင်သည်။ ၎င်း၏ သဘာဝမီးခိုးနံ့ပြင်းပြင်းကြောင့် သီးနှံပင်များတွင် ရေ တစ်လီတာလျှင် စပါးခွံပေါင်း ခံရည် နှစ်စီစီမှ သုံးစီစီ (သို့မဟုတ်) ၁၆ ဂါလန် ဆေးဖျန်းပုံး တစ်ပုံးလျှင် ၃၅ စီစီ မှ ၅၀ စီစီ (နို့ဆီဘူး တစ်ဝက်ခန့် သို့မဟုတ် ဟင်းခတ်ဇွန်း သုံးဇွန်းခွဲမှ ငါးဇွန်းခန့်) နှုန်းဖြင့် ရောစပ်၍ အရွက်များပေါ်သို့ စနစ်တကျဖျန်းပေးပါက ပျပိုး၊ မွှားပိုး၊ ယင်ဖြူ၊ လေးပိုးနှင့် လိပ်ပြာများကို ဥမချနိုင်အောင် မောင်းထုတ်ပေးနိုင်ပါသည်။

ထို့ပြင် **မှိုရောဂါကာကွယ်ခြင်းနှင့် မြေဆီလွှာပြုပြင်ခြင်း**တွင်လည်း အသုံးပြုနိုင်သည်။ စပါးခွံပေါင်းခံရည်ကို မြေကြီးထဲသို့လောင်းပေးပါက သီးနှံများကို ဒုက္ခပေးသည့် မြေအောင်းမှိုရောဂါများနှင့် နီမတုတ်များကို သေစေနိုင်သည့်အပြင် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးမွှားများ တိုးပွားလာအောင် လှုံ့ဆော်ပေးသည်။ မြေကြီးအတွင်း သုံးစွဲရာ၌ ပိုမိုပြင်းအားကောင်းသော အချိုးအဖြစ် ရေ တစ်လီတာလျှင် မြေဩဇာရည် ငါးစီစီမှ ၁၀ စီစီ (သို့မဟုတ်) ၁၆ ဂါလန် ဆေးဖျန်းပုံး တစ်ပုံးလျှင် ၈၀ စီစီမှ ၁၆၀ စီစီ (နို့ဆီဘူး တစ်ဘူးစာခန့်) နှုန်းဖြင့် ရောစပ်၍ အပင်ခြေမြေကြီးထဲသို့ တိုက်ရိုက်လောင်းပေးရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နှစ်စဉ်စပါးတန်ချိန် သန်းနှင့်ချီထွက်ရှိသဖြင့် ဘေးထွက်ပစ္စည်းဖြစ်သော စပါးခွံကုန်ကြမ်းသည် ရေကန်အသင့် ကြာအသင့်ရရှိနိုင်သော အားသာချက်ရှိသည်။ စပါးခွံမှထုတ်သော မီးသွေးအတွက် တောင်သူများသည် ကုန်ကြမ်းရလွယ်ပြီး တစ်ပိုင်တစ်နိုင်ထုတ်လုပ်သုံးစွဲနိုင်သည်။ ဆန်စက်များအနေဖြင့်လည်း စီးပွားဖြစ် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ထူထောင်၍ ဇီဝမြေဩဇာအဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

စပါးခွံကို တန်ဖိုးမြှင့်ထုတ်ကုန် Bio – char အဖြစ် စနစ်တကျပြောင်းလဲပြီး စိုက်ခင်းများထဲသို့ ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီလွှာ၏ အာဟာရဓာတ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိကို ထိန်းညှိပြုပြင်ပေးနိုင်သော အာနိသင်ရှိသည့် ဇီဝမြေဩဇာလည်း ဖြစ်သည်။ အဆိုပါမြေဩဇာကို သုံးစွဲခြင်းဖြင့် အပင်များ၏ လိုအပ်သော ဩဇာဓာတ်များကို လိုအပ်သောအချိန်တွင် ဖြည်းညင်းစွာ ထုတ်လုပ်ပေးနိုင်သည့်အတွက် ရေရှည်တွင် စိုက်ခင်းများ၌ မြေဆီဩဇာကြွယ်ဝနေမည် ဖြစ်သည်။

စိုက်ခင်းများတွင် Bio–char ကို ထည့်သွင်းအသုံးပြုပါက သိသာသော အကျိုးသက်ရောက်မှုရှိစေပြီး ငွေကြေးကုန်ကျမှု လျှော့ချနိုင်သဖြင့် တောင်သူများကိုယ်တိုင် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ခြင်း (Community Base Production)၊ ဆန်စက်များအနေဖြင့် စီးပွားဖြစ် စီးပွားရေးကဏ္ဍတစ်ရပ်အဖြစ် ထုတ်လုပ်ခြင်း (Commercial Base Production) တို့ဖြင့် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍရှိ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ MSME စီးပွားရေးကဏ္ဍတွင် စပါးခွံ မီးသွေးသုံးစွဲခြင်း၊ ထုတ်လုပ်ခြင်းကို တိုးချဲ့ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဆိုပါက တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်ရုံသာမက နိုင်ငံတော်၏ စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုပါ တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ



**တောင်ငူ ဇွန် ၂၈**

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇွန် ၂၆ ရက်က ကျင်းပရာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ ခရိုင်ဥပဒေအရာရှိ ဦးတင်မောင်မောင်ကျော်နှင့် တောင်ငူမြို့နယ် ဥပဒေအရာရှိ ဦးဟိန်းမျိုးလွင်တို့က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၁ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဇော်ကိုကို(တောင်ငူ)

## မုဒုံမြို့၌ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မုဒုံ ဇွန် ၂၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က အထက(၁)ကျောင်းရှိ ရှင်အရဟံခန်းမ၌ ပြုလုပ်ရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းက မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်း၊ တောအုပ်ကြီးက သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့ကို ဆွေးနွေးပြောကြားပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် ကျောင်းသား ကျောင်း



သူများက ပျိုးပင် ၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရာမည(မြန်/ဆက်)



## မိခင်နှင့်ကလေး ဆယ်အိမ်စုမှူးသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၈**

လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက်က မြို့နယ်အဆင့် မိခင်နှင့်ကလေး ဆယ်အိမ်စုမှူးသင်တန်းကို ဖွင့်လှစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူးတို့က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးမြှင့်တင်ရေး လုပ်ငန်းများနှင့် လူထုအတွင်း ကွင်းဆင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သင်ကြားပို့ချခဲ့ကြသည်။

မြို့နယ်(မြန်/ဆက်)

## တနင်္သာရီမြို့နယ်၌ ဆင်းသုခမျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေးအပ်

**တနင်္သာရီ ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌



မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် အရှေ့မော်တုန်းကျေးရွာရှိ စံပြဧက ၃၀၀ တွင် စိုက်ပျိုးဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများအား ဆင်းသုခမျိုးစပါး တင်း ၃၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၁၅၀ နှင့် သဘာဝမြေဩဇာအိတ် ၁၅၀ ကို ဇွန် ၂၅ ရက်က ပေးအပ်သည်။

အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဖိလစ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်ဇော်က ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးသုံး သွင်းအားစုပစ္စည်းများကို ချီးမြှင့်ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်(မြန်/ဆက်)



## မိုးစပါးစိုက်တောင်သူများထံ သွင်းအားစုပေးအပ်

**ညောင်တုန်း ဇွန် ၂၈**

ညောင်တုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါးစိုက်တောင်သူများထံ သွင်းအားစုပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ကွင်းကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်သော်မြင့်က ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုနိုင်ရေး ရှင်းလင်းပြောကြား၍ အောင်ကမ္ဘာဆုထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက တောင်သူများအတွက် ပံ့ပိုးပေးမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

## ကော့သောင်းမြို့၌ ဒေသဆိုင်ရာ ညှော်လမ်းညွှန်(အခြေခံ) သင်တန်းဆင်းပွဲ ကျင်းပ

**ကော့သောင်း ဇွန် ၂၈**

ကော့သောင်းမြို့၌ မေ ၂၅ ရက်မှ ဇွန် ၂၆ ရက်အထိ တစ်လတာ ဖွင့်လှစ်သော ဒေသဆိုင်ရာ ညှော်လမ်းညွှန်(အခြေခံ) သင်တန်းဆင်းပွဲကို ကော့သောင်းမြို့ မဇ္ဈူသကခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဆုရသင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ပါဝင်ကူညီပံ့ပိုးပေးသော ဟိုတယ်လုပ်ငန်းရှင်



များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအသိအမှတ်ပြုလက်မှတ်ကို ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမင်းထက်က သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။ **ခရိုင်(မြန်/ဆက်)**

## မိုင်းဆတ်မြို့၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ



**မိုင်းဆတ် ဇွန် ၂၈**

မိုင်းဆတ်မြို့၌ (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၅ ရက်က ဇီအုန်ဟိုတယ်ရှိ ခန်းမဆောင်၌ ကျင်းပရာ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေက ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုပြသပြီး ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် အလွတ်တန်းပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(မြန်/ဆက်)

## ပေါက်ခေါင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ပေါက်ခေါင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို အ.ထ.က (ပေါက်ခေါင်း)ကျောင်း ရွှေရတုခန်းမ၌ ဇွန် ၂၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးနေလင်းထွန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(မြန်/ဆက်)



**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## (၂၀၂၇) ပညာသင်နှစ်
## ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(က) **ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာဒီပလိုမာ<br>Dip.Med.Sc(TB & Chest Diseases) | ၁နှစ် |
| ၂။ | ကာလသားရောဂါနှင့်ခုခံအားကျဆင်းမှုကူးစက်ရောဂါပညာဒီပလိုမာ<br>Dip.Med.Sc(STD and HIV infections) | ၁နှစ် |
| ၃။ | သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာ<br>Dip.Med.Sc(Transfusion Medicine) | ၁နှစ် |
| ၄။ | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ<br>Dip.Med.Sc(Clinical Pharmacology) | ၁နှစ် |
| ၅။ | အထူးကြပ်မတ်ကုသမှုဆိုင်ရာဒီပလိုမာ<br>Dip.Med.Sc(Intensive Care Medicine) | ၁နှစ် |
| ၆။ | အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ(Online)<br>Diploma in Basic Emergency Care | ၁နှစ် |

(ခ) **ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)<br>M.Med.Sc(Anatomy) | ၂နှစ် |
| ၂။ | ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ)<br>M.Med.Sc(Physiology) | ၂ နှစ် |
| ၃။ | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)<br>M.Med.Sc(Pharmacology) | ၂ နှစ် |
| ၄။ | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)<br>M.Med.Sc(Preventive & Tropical Medicine) | ၂နှစ် |
| ၅။ | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓါတုဗေဒ)<br>M.Med.Sc(Clinical Biochemistry) | ၃ နှစ် |
| ၆။ | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)<br>M.Med.Sc(Microbiology) | ၃ နှစ် |
| ၇။ | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)<br>M.Med.Sc(Pathology) | ၃ နှစ် |
| ၈။ | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)<br>M.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| ၉။ | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဆေးပညာ)<br>M.Med.Sc(Medical Oncology) | ၃ နှစ် |
| ၁၀။ | ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဓါတ်ရောင်ခြည်ဆေးကုပညာ)<br>M.Med.Sc(Radiation Oncology) | ၃ နှစ် |
| ၁၁။ | ဆေးပညာမဟာသိပ္ပံ (အဏုမြူရောင်ခြည်ဆေးပညာ)<br>M.Med.Sc(Nuclear Medicine) | ၃ နှစ် |
| ၁၂။ | ဆေးပညာမဟာသိပ္ပံ(နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| ၁၃။ | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)<br>M.Med.Sc(Anaesthesiology) | ၃ နှစ် |
| ၁၄။ | ဆေးပညာမဟာသိပ္ပံ(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>M.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| ၁၅။ | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ)<br>M.Med.Sc(Dermatology) | ၃ နှစ် |
| ၁၆။ | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)<br>M.Med.Sc(Ophthalmology) | ၃ နှစ် |
| ၁၇။ | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)<br>M.Med.Sc(Mental Health) | ၃ နှစ် |
| ၁၈။ | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ)<br>M.Med.Sc(Emergency Medicine) | ၃ နှစ် |
| ၁၉။ | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)<br>M.Med.Sc(Internal Medicine) | ၃ နှစ် |
| ၂၀။ | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)<br>M.Med.Sc(Surgery) | ၃ နှစ် |
| ၂၁။ | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ)<br>M.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| ၂၂။ | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)<br>M.Med.Sc(Paediatrics) | ၃ နှစ် |
| ၂၃။ | ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>M.Med.Sc(Plastic Surgery) | ၄ နှစ် |
| ၂၄။ | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Thoracic Surgery) | ၄ နှစ် |
| ၂၅။ | ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ)<br>M.Med.Sc(Paediatric Surgery) | ၄ နှစ် |
| ၂၆။ | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>M.Med.Sc(Neurosurgery) | ၄ နှစ် |
| ၂၇။ | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုပညာ)<br>M.Med.Sc(Urology) | ၄ နှစ် |
| ၂၈။ | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>M.Med.Sc(Cardiovascular Surgery) | ၄ နှစ် |
| ၂၉။ | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)<br>M.Med.Sc(Orthopaedics) | ၄ နှစ် |
| ၃၀။ | ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ)<br>M.Med.Sc(Radiology) | ၄ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှ စ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(မှတ်ချက်- **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါဓါတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနှင့် မေ့ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်)။

(င) လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အသက်(၄၅)နှစ်နှင့် ဒီပလိုမာ သင်တန်းများအတွက် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ(Online) သင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၅၈)နှစ်ထက် မကျော်လွန်သူ မြို့နယ်ကုသရေးဦးစီးဌာနမှူးများသာ လျှောက်ထားနိုင်ပါသည်။

(ဆ) အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ (Online) သင်တန်းအတွက် သင်တန်းကာလအတွင်း Online ပို့ချခြင်းနှင့် လူကိုယ်တိုင်လာရောက်သင်ယူခြင်း အနည်းဆုံး (၆)ပတ်ဖြင့် သင်ကြားမည်ဖြစ်ရာ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဇ) **ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်**တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဈ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း**အတွက် ဆေးပညာဘွဲ့(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ည) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅) နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဋ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၃၁.၈.၂၀၂၆)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂) နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၃၀.၁၀.၂၀၂၆)ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး - ၁၀၀၀ဝိ/- (ကျပ်တစ်ထောင်တိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက် အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## အမည်မှန်

ကော့ကရိတ်မြို့၊ အထက (၂) Grade-12 တွင် ပညာသင်ကြားနေသော မောင်အာကာမိုးဆက်၏ အမည်မှန်မှာ မောင်အာကာမိုးစက် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ မူလွန်-အောင်သာယာ Grade-5 မှ(ဘ)ဦးမင်းထွန်းနိုင် ၏သမီး မလွှာဝတ်ရည် ၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၁၀/သဖရ(နိုင်) ၁၆၆၃၅၇ ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၃) Grade(10) တွင် ပညာသင်ကြားနေသော မဝိုင်းချစ်၏ ဖခင်အမည်မှန်မှာ ဦးစောဘရွှေ ၉/ပမန(နိုင်)၁၇၉၇၀၈ ဖြစ်ပါကြောင်း။

**ဦးစောဘရွှေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ HSU ကိုယ်ပိုင် အထက်တန်း ဆင့်သင်ကျောင်း Grade-12မှ မခင်ဘုဏ်းသော်နှင့် မခင်ဖုန်းသော် ၅/ကဘလ(နိုင်)၂၉၃၀၁၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့ တာဝန်ခံ ဦးကျော်ကိုကိုထွန်း (မြို့အင်ဂျင်နီယာ)မှ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အမှတ် (၃)ရပ်ကွက်၊ လမ်းဦးစီးဌာနရုံး ဆောက်လုပ်ထားသည့် ကွင်းအမှတ်(၁၈၆၉-C)၊ ကွင်းအမည်(ဟိုင်းကြီးကျွန်းကွင်း၊ ဧရိယာ (၀.၁၈၄) ရှိ မြေနေရာအား မြေပေးမိန့်ခွင့်ပြုချထားနိုင်ပါရန် တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ ဤသတင်းစာတွင် ထည့်သွင်းကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငပုတောမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/15612, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်တင့် ၉/ခမစ(နိုင်)၀၂၄၇၂၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (AA/မြနန္ဒာ)၊ ဦးပိုင်အမှတ် (၁၃၁+၁၃၂+၁၃၃+၁၃၄+ ၁၃၅)၊ မြေဧရိယာ(၀ဒသမ၂၇၅)ကေထဲမှ ဦးပိုင်အမှတ် (၁၃၁+၁၃၂)၊ မြေဧရိယာ အကျယ်အဝန်း အရှေ့ ပေ(၆၀)၊ အနောက် ပေ(၆၀)၊ တောင်ပေ(၈၀)၊ မြောက် ပေ(၈၀) (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အုတ်တံတိုင်း၊ သံပန်း၊ သံတံခါး ခတ်အပြီးအစီး) တို့ကို ဦးမင်းစိုးထွန်း(၉/မရမ(နိုင်)၀၀၀၃၆၇)၊ ဒေါ်မြသန္တာ(၁/မကန(နိုင်)၀၀၈၃၀၇) ထံမှ ဦးမောင်မောင်ကြီး(၈/မထန(နိုင်) ၀၀၀၈၂၅) ၊ ဒေါ်သင်းသင်းဝါ(၁၂/ဒဂန(နိုင်)၀၀၃ ၅၆၄)က (အရပ်ကတိစာ ချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက် ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့် ရက်မှစ၍(၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်ကြီး** | **ဦးနေမျိုးဇော်(LL.B, D.B.L)** |
| **၈/မထန(နိုင်) ၀၀၀၈၂၅** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်သင်းသင်းဝါ** | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |
| **၁၂/ဒဂန(နိုင်)၀၀၃၅၆၄** | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေကွက်အမှတ် (ပ-၄၉၀)၏မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ရီ ၉/ပမန(နိုင်)၂၅၆၁၂၈(ဘ) ဦးရွှေငို မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်) မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ မော်ကန်(၁၈)လမ်း၊ အိမ်အမှတ်(၄၁၄)ဟုခေါ်တွင်သည့်(ပေ၂၀x၄၈ပေ) ကျယ်ဝန်းသော ခြံမြေ(၁)ကွက်နှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အိမ်(၁)လုံး လျှပ်စစ်မီတာ(၁)လုံး၊ အဝီစိတွင်း၊ ရေစုပ်စက်မော်တာ၊ကွန်ပရက်ဆာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ(၁)ဦးခင်မောင်အေး(ဘ) ဦးညွန့်သောင် ၇/ပခန(နိုင်)၀၆၃၈၄၃နှင့်(၂)ဒေါ်အေးအေးမြင့်(ဘ)ဦးညွန့်သောင် ၇/ပခန(နိုင်)၀၈၂၄၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါသည့်ရက်မှ(၁၁-၇-၂၀၂၆)ရက်မတိုင်မီ ခိုင်မာသည့်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်အေး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၆၈၉၁/၂၀၀၁)**
**ဖုန်း -၀၉- ၅၃၀၂၀၂၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/27643, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းမိုး ၅/စကန(နိုင်)၂၂၈၀၇၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 20(T)/EPGE (REHP)/ 2026-2027 | ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၅)မျိုး ဝယ်ယူခြင်း။ |
| ( ခ ) | 21(T)/EPGE (REHP)/ 2026-2027 | ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစက်အမှတ်(၂)၏ Governor Control System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ |
| ( ဂ ) | 22(T)/EPGE (REHP)/ 2026-2027 | ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစက်အမှတ်(၂)၏ Governor Control System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ |
| (ဃ) | 23(T)/EPGE (REHP)/ 2026-2027 | ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် SIEMENS PLC for 250T Gantry Crane (Power House & Intake) (1 Set) ဝယ်ယူခြင်း။ |
| ( င ) | 24(T)/EPGE (REHP)/ 2026-2027 | ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် EDG SAM Board (2 Nos) ဝယ်ယူခြင်း။ |
| ( စ ) | 25(T)/EPGE (REHP)/ 2026-2027 | အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် Rotor Pole (5 Nos)ဝယ်ယူခြင်း |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - (၂၉-၆-၂၀၂၆)ရက်မှ (၁၃-၇-၂၀၂၆)ရက်အထိ

၄။ တင်ဒါရောင်းချမည့်အချိန် - (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

၅။ တင်ဒါပိတ်ရက်နှင့် အချိန် - (၁၄-၇-၂၀၂၆)ရက်နေ့၊ (၁၃:၀၀)နာရီ

၆။ တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊နေပြည်တော်

၇။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal **(www.moep.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၉-၄၄၈၅၃၃၈၉၄)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၅၇၆)၊ အကျယ်အဝန်း ပေ (၄၀x ၆၀)ရှိ ဒေါ်ခင်ချိုဌေး (ဘ)ဦးဌေးအောင် (MYA-၀၈၉၅၂၄) ၁၂/အစန(နိုင်) ၀၁၂၄၀၃ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်း၏အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်သူဖြစ်ကြောင်း စီမံခန့်ခွဲလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဇော်လင်း ၁၂/ရကန(နိုင်) ၀၁၅၂၄၉ အမှတ် ၆၈၅၊ ပဲခူးမြစ်လမ်း၊ (၇၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထာနွယ်ခင်**
**(LL.B,D.I.R,D.I.L,D.M.L,DL-101(WIPO)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**

**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၀၈၈)**

**အမှတ်(၅၈၁/ခ)၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ အင်းဦးရွာ (ခေတ္တ ဒူဘိုင်းနိုင်ငံ) နေထိုင်သူ ဒေါ်မြင့်မြတ်သဇင် (၈/မကန (နိုင်) ၁၉၂၅၁၆) သည် ပြည်ပနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်အမှုသည် ဒေါ်မြင့်မြတ်သဇင်၏ Rakhi Ngal (Myat Piti Ngal) Facebook Account သို့ ၎င်းအား မလိုမုန်းထားသောလူတစ်စုဖြစ်သည့်(지민) နှင့် Grace Lhing Haokip Facebook Account များတို့ဖြင့် ကျွန်ုပ်အမှုသည် ဒေါ်မြင့်မြတ်သဇင်၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့မှ မမှန်ကန်သောစာသားများဖြင့် post တင်ခြင်း၊ ကျွန်ုပ်အမှုသည်၏ ဆက်သွယ်ရေးကွန်ရက်များမှ အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ကူးယူဖော်ပြခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် အဆိုပါလူတစ်စုမှ ဆက်သွယ်ရေးကွန်ရက်များဖြစ်သော Facebook, Viber, TikTok, Telegram, Messenger, Instagram စသဖြင့်တို့၌ ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်၌ လူအများအမြင် အထင်လွဲမှားစေသော မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများ ၊ မမှန်ကန်သော စာသားများကို post တင်ခြင်း၊ ကျွန်ုပ်အမှုသည်၏ ဆက်သွယ်ရေးကွန်ရက်များကို ခွင့်ပြုချက်မရှိဘဲ ကူးယူဖော်ပြခြင်း၊ ကျွန်ုပ်အမှုသည်အား စိတ်အနှောင့်အယှက်ဖြစ်စေသော ပြုလုပ်မှု၊ ပြောဆိုဆောင်ရွက်မှုများနှင့် အသရေဖျက်ကာ ဂုဏ်သိက္ခာကျ ဆင်းစေသော ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကို ပြုလုပ်နေပါသဖြင့် အဆိုပါ(지민) နှင့် Grace Lhing Haokip Facebook Account များနှင့်တကွ မည်သူတစ်ဦးတစ်ယောက်မှ နောက်ထပ်မပြုလုပ်ရန် ကျွန်ုပ်မှ တားမြစ်အပ်ပါကြောင်း၊ ကျွန်ုပ်အမှု သည်ဖြစ်သူ ဒေါ်မြင့်မြတ်သဇင် ကျေနပ်စေရန် ၎င်းတို့မှ ပြန်လည်တောင်းပန်ပေးပါရန်နှင့် လူကြီးမင်းတို့အနေဖြင့် လိုက်နာခြင်းမရှိပါက ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှလူကြီးမင်းတို့နှင့်တကွ ကျွန်ုပ်အမှုသည်အား စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်သူ ၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများ ပြုလုပ်သူ မည်သူ့ကိုမဆို ဆက်သွယ်ရေးဥပဒေပုဒ်မ- ၆၆-ဃ အရသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ပြီး တရားစရိတ်များနှင့် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးများကိုပါ ကျွန်ုပ်အမှုသည်အား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ဥပဒေနှင့်မညီသော ပြုမူဆောင်ရွက်သည့် လူပုဂ္ဂိုလ်များအပေါ်တွင် သတ်မှတ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြတ်သဇင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ဇော်(LL.B) အထက်တန်းရှေ့နေ( စဉ်-၅၅၇၈၂)**
**အမှတ်-၂၊ အခန်း-၂၀၃၊ သုမင်္ဂလာလမ်း၊ သုမင်္ဂလာရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၄၀၈၁၈၀၀၀**

## အမည်မှန်

ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ သစ်ဆိပ်ပင်ကျေးရွာ၊ အမက(မူလွန်) Grade-3မှ (ဘ) ဦးဇော်ဝင်းကျော် ၏ သမီး မဇင်မာကျော်၏ အမည်မှန်မှာ မဆုသဲမိုး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး (အနောက်)၊ ပေါက်ခေါင်းမြို့၊ အိုးဘိုကုန်း၊ အထက Grade-12 (C) မှ မောင်ရန်ပိုင်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးမဲတိုး ၇/ပခတ(နိုင်)၀၇၀၀၂၃ ဖြစ်ပါကြောင်း။ **ဦးမဲတိုး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆/မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ် (၆၇)၊ မြေဧရိယာ (၀ဒသမ၀၉၆)ဧကအား မြေငှားဂရန်အမှုတွဲအမှတ် (၄၁၄/၂၀၀၄-၂၀၀၅)အရ (၁-၉-၁၉၉၁)မှ (၃၁-၈-၂၀၂၁)အထိ ဒေါ်ရီရီမြ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်အား ဒေါ်ရီရီမြ မှ မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားရန်အတွက် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြေယာပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တာတာဝင်း (၁၂/မရက(နိုင်)၁၈၃၁၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တာတာဝင်းသည် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အမည်ကောင်း သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာရပ်တည်နေသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တာတာဝင်း၏ ခွင့်ပြုချက်မရှိဘဲ ဓာတ်ပုံများယူသုံးခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသော မဟုတ်မမှန်စာသားများအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား စိတ်နှောင့်အယှက်ဖြစ်စေရန်နှင့် ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်များဖြင့် ဆက်သွယ်ရေးကွန်ရက် Facebook, Messenger, Viber, Telegram, TikTok, YouTube, Instagram အစရှိသည့် Social Media များကို အသုံးပြု၍သော်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်မှာဖြစ်စေ၊ ပြောဆိုရေးသားခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ရန် အသိပေးအပ်ပါသည်။ ထိုကဲ့သို့ပြုမူပြောဆို ရေးသားခြင်းများကို တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တာတာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြနှင်းအေး အထက်တန်းရှေ့နေ (စဉ်- ၅၂၇၃၄)**
**တိုက်(၃၉)၊ အခန်း (E-3)၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊**
**(၄၁)တိုးချဲ့ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၄၁၈၂၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)မာန်ပြေရပ်ကွက်၊ မာန်ပြေအနောက်(၆)လမ်း၊ အမှတ်(၂၀၉/အေ)၊ မြေအမျိုးအစား-မြို့မြေ၊ (အလျားပေ ၂၀x အနံပေ၆၀) အကျယ်အဝန်းအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀ပေx ပေ၆၀)အကျယ်အဝန်းရှိ (မြေကွက်ဘက်ကိုမျက်နှာမူ၍ကြည့်လျှင်ညာဘက်ခြမ်း) မြေကွက်တစ်ကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အစဉ်အဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဝင်းအိအိနွယ်(၁၂/သကတ(နိုင်)၁၉၇၇၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးစုမွန်(၁၂/သကတ(နိုင်)၁၆၇၀၄၇)က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့)ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၁၃၂၂၇၆**

## အများသိစေရန်ကြော်ငြာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၀/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ်(၅၅ᵃ)၊ ဧရိယာ(၀.၀၂၀)ဧကရှိမြေသည် မြို့နယ်မြေစာရင်းဦးစီးဌာန၏(၁-က)စာရင်းတွင် အမှုတွဲ အမှတ်(V) ၂၈၅/၁၉၉၄-၁၉၉၅အရ ဦးစွန်စိန်းနှင့်ဦးခင်မောင်သန်းတို့(၂)ဦးအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိထားပြီး ဂရန်သက်တမ်းမှာ(၂၉-၁-၂၀၂၆)ရက်တွင် ဂရန်သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဦးစွန်စိန်းသည် (၁-၁၀-၂၀၀၈)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်လှိုင်မှ ပိုင်ဆိုင်ကြောင်း မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၂၂/၂၀၁၅)အရ ကျမ်းကျိန်ဆိုခဲ့ပါသည်။ ဒေါ်ခင်လှိုင်ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၁၉၂/၂၀၁၅)အရဦးခင်မောင်သန်း အားလွှဲအပ်ခဲ့ပြီး မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၄၂၃/၂၀၁၅)ဖြင့် အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ အစ်ကိုဖြစ်သူ ဦးခင်မောင်သန်းနှင့် မိခင်ဖြစ်သူဒေါ်ခင်လှိုင်တို့(၂)ဦးမှ ဦးခင်မောင်ဝင်းအား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုကို မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်း စာချုပ်အမှတ် (၇/၂၀၁၆)အရ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခဲ့သဖြင့် ဦးခင်မောင်ဝင်းမှ တရားဝင်ပိုင်ဆိုင်လာပြီး နှစ်ရှည်မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်
## အလုပ်အမှုဆောင်အစည်းအဝေးကျင်းပမည်

ဝူရှူးအားကစားဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက်မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကျင်းပမည်။ သို့ဖြစ်ပါ၍ မြန်မာ့ဝူရှူးအားကစား တိုးတက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးလိုသူများ အဖွဲ့ချုပ်အဆိုပြုလွှာပေးအပ်ပြီး လူကိုယ်တိုင်ကြွရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၅-၇-၂၀၂၆ ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက်(၁၀:၀၀ )နာရီ
**ကျင်းပမည့်နေရာ** - Myanmar Sport Hotel ၊ သဃ်္ဃန်းကျွန်း၊ ရန်ကုန်မြို့

**မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ပြည်လမ်း၊ အမှတ်(၁၃၁၂)ဟု ခေါ်တွင်သော အလျားပေ(၄၀)xအနံ ပေ(၆၀)ရှိ မြေကွက်ထဲမှတရားဝင် မခွဲမစိတ်ရသေးသော (အမှတ်(၁၃၁၃) နှင့်ကပ်လျက်)အလျားပေ(၂၀)xအနံပေ(၆၀)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဒေါ်ဖြူအိအိဝင်း (၁၂/ဥကမ(နိုင်)၁၅၇၄၄၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဒေါ်မြတ်စန္ဒာလွင် (၁၂/ဥကမ(နိုင်) ၁၈၆၀၅၅)က ဝယ်ယူရန်အတွက် မြေကွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နှင်းပွင့်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၃၀၉၃၂၈၇**

## သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၈၉၄)နေ ဒေါ်လှဆန်း(ဘ)ဦးအောင်သန်း၏သမီး ၈/ရနခ(နိုင်)၀၂၇၄၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ နဝဒေးကားကြီးဝင်း၊ စွမ်းအားသစ်ကားဂိတ်တွင်နေထိုင်သော (ဘ)ဦးထွန်းဝင်း၏သားဖြစ်သူ ဦးသန်းလွင် ၈/ရနခ (နိုင်)၁၃၅၃၁၉ နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှဆန်းတို့သည် (၁၉၈၉) ခုနှစ်မှစ၍ယခုအချိန်ထိ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းလျက်ရှိပြီး သား (၄)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဆန်းနှင့် ဦးသန်းလွင်တို့သည် ယခုအချိန်ထိ တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိပါကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများအား ခွဲဝေထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းများ ပြုလုပ်ထားခြင်းမရှိပါကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသင်းခိုင် (LL.B) (စဉ်-၄၈၀၂၅)**
**အထက်တန်းရှေ့နေ**
**အမှတ်(၄၉၃/၁၀၁)၊ သလ္လာဝတီလမ်းကျယ် (၁၀)တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၅၃၀၁၄၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/4172, BA JAJ RE (200CC) ယာဉ်လက်ဝယ်ရှိသူ ဦးအာကာဝင်း ၁၄/မအပ(နိုင်)၃၄၁၇၉၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/19710, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဇော ၁၄/ဖပန(နိုင်)၁၄၆၁၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်ရှိ ဒေါ်သီတာဌေး ပိုင်ဆိုင်သော ဦးပိုင်အမှတ်(၁၀၃- က) မြေကွက်အမှတ် (၂၇-ဈေးတန်း)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်ရှိသောမြို့မြေအမျိုးအစားမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ် မည်ဖြစ်၍ကန့်ကွက်လိုသူသည် တရားဝင်ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ဤအဖွဲ့ရုံးသို့ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးရုံး**
**ကျောက်ဆည်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ မြေကွက်အမှတ် (၆၄၉)၊ မြေကွက်အကျယ်အဝန်း (ပေ၄၀xပေ ၆၀)ရှိ ဒေါ်တင်တင်နွယ် အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်၏ တရားဝင်ခွဲစိတ်ထားခြင်းမရှိသော ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၆၄၇)နှင့်ကပ်လျက်ရှိသော အကျယ်အဝန်း ပေ (၂၀x ၆၀)ရှိ မြေကွက်လွတ်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးညွှန့်(၁၂/ဗတထ(နိုင်)၀၀၀၈၂၆) မှ ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးနန္ဒဝင်းဆွေ (၁၂/ခရန(နိုင်)၁၀၇၇၄၁) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အ ရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်မေလှိုင် LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)၊ပထမထပ်၊၃၅-လမ်း(အောက်)၊ကျောက်တံတား မြို့နယ်၊**
**ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၀/ညောင်ပင်ထောင်ရပ်)၊ ဦးပိုင်အမှတ် (၂၁၂)၊ မြေကွက်အမှတ် (215)၊ ဧရိယာ (၀ ဒသမ ၀၆၉) ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၂၀-၈-၁၉၉၆ ရက်စွဲပါအမှုတွဲအမှတ် (၁၁၁/၁၉၉၆)အရ နှစ် (၃၀)သက်တမ်းရှိ မြေငှားဂရန်အား ဗိုလ်ကြီးအောင်ဇော်အေး အမည်ဖြင့် ထုတ်ပေးထားရှိပြီး ဖြစ်ပါသည်။ ယင်းမြေကွက်အား ဗိုလ်ကြီးအောင်ဇော်အေး ထံမှ ဦးအောင်ကိုကိုလွင် ကလောမြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၏ ၈-၆-၂၀၂၀ ရက်စွဲပါ စာချုပ်အမှတ် (၇၅/၂၀၂၀)အရ ဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးအောင်ကိုကိုလွင် (၉/ခအဇ(နိုင်)၀၀၁၉၈၇) အမည်ဖြင့် မြေငှားဂရန်(သက်တမ်းတိုးအမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့် ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၀/ညောင်ပင်ထောင်ရပ်)၊ ဦးပိုင်အမှတ် (၂၀၂)၊ မြေကွက်အမှတ် (203)၊ ဧရိယာ (၀ ဒသမ ၀၆၉) ဧကရှိ မြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၂၇-၈-၁၉၉၆ ရက်စွဲပါ အမှုတွဲအမှတ် (၁၂၁/၁၉၉၆) အရ နှစ် (၃၀)သက်တမ်းရှိ မြေငှားဂရန်အား ဒု-ဗိုလ်မှူးကြီးကောင်းမြတ်အမည်ဖြင့် ထုတ်ပေးထားရှိပြီး ဖြစ်ပါသည်။ ယင်းမြေကွက်အား ဒု-ဗိုလ်မှူးကြီးကောင်းမြတ်ထံမှ ဦးအောင်ကိုကိုလွင် ကလောမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၈-၆-၂၀၂၀ ရက်စွဲပါ စာချုပ်အမှတ်(၇၄/၂၀၂၀)အရ ဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးအောင်ကိုကိုလွင် (၉/ခအဇ(နိုင်)၀၀၁၉၈၇) အမည်ဖြင့် မြေငှားဂရန်(သက်တမ်းတိုးအမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့် ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
# (၂၀၂၇) ပညာသင်နှစ်
# ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထား နိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပါရဂူဘွဲ့(ခန္ဓာဗေဒ) Ph.D(Anatomy) | ၃ နှစ် |
| ၂။ | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) Ph.D(Physiology) | ၃ နှစ် |
| ၃။ | ပါရဂူဘွဲ့(ဇီဝဓါတုဗေဒ) Ph.D(Biochemistry) | ၃ နှစ် |
| ၄။ | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) Ph.D(Medical Microbiology) | ၃ နှစ် |
| ၅။ | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) Ph.D(Pharmacology) | ၃ နှစ် |

(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) Dr.Med.Sc(General Medicine) | ၃ နှစ် |
| ၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) Dr.Med.Sc(General Surgery) | ၃ နှစ် |
| ၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| ၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) Dr.Med.Sc(Paediatrics) | ၃ နှစ် |
| ၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| ၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) Dr.Med.Sc(Cardiology) | ၃ နှစ် |
| ၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| ၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| ၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| ၁၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ) Dr.Med.Sc(Neurology) | ၃ နှစ် |
| ၁၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) Dr.Med.Sc(Neurosurgery) | ၃ နှစ် |
| ၁၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) Dr.Med.Sc(Nephrology) | ၃ နှစ် |
| ၁၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) Dr.Med.Sc(Urology) | ၃ နှစ် |
| ၁၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| ၁၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) Dr.Med.Sc(Hepatology) | ၃ နှစ် |
| ၁၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| ၁၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ) Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| ၁၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ) Dr.Med.Sc(Neonatology) | ၃ နှစ် |
| ၁၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) Dr.Med.Sc(Hand Surgery) | ၃ နှစ် |
| ၂၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) Dr.Med.Sc(Gynaecological Oncology) | ၃ နှစ် |
| ၂၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) Dr.Med.Sc(Reproductive Health) | ၃ နှစ် |
| ၂၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ) Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| ၂၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ) Dr.Med.Sc(Radiology) | ၃ နှစ် |
| ၂၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| ၂၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| ၂၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| ၂၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးအကြောအဆစ်ဆေးပညာ) Dr.Med.Sc(Rheumatology) | ၃ နှစ် |
| ၂၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| ၂၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| ၃၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| ၃၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ) Dr.Med.Sc(Spine Surgery) | ၃ နှစ် |
| ၃၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ) Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃ နှစ် |
| ၃၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) Dr.Med.Sc(Endocrinology) | ၃ နှစ် |
| ၃၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ) Dr.Med.Sc(Mental Health) | ၃ နှစ် |
| ၃၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| ၃၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ) Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| ၃၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) Dr.Med.Sc(Haematopathology) | ၃ နှစ် |
| ၃၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) Dr.Med.Sc(Histopathology) | ၃ နှစ် |
| ၃၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတုရောဂါဗေဒ) Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| ၄၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ) Dr.Med.Sc(Dermatology) | ၃ နှစ် |
| ၄၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) Dr.Med.Sc(Paediatric Haemato-Oncology) | ၃ နှစ် |
| ၄၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးဆီးနှင့်ကျောက်ကပ်ဆေးပညာ) Dr.Med.Sc(Paediatric Nephrology) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူများဖြစ်ရမည်။

(ဂ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc) အတွက် လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ်၌ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန် သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ (သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက် တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုး ရောဂါပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထား သူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရ မည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကု ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(တ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ထ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဒ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဓ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးဆီးနှင့်ကျောက်ကပ်ဆေးပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(န) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ပ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၃၁.၈.၂၀၂၆)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

